# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၄၂)၊ ၁၃၈၆ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက် ၊ ၁၁-၁၁-၂၀၂၄၊ တနင်္လာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရှန်းကျန့်မြို့ရှိ Hytera Communications Corporation Limited ၌ ကြည့်ရှုလေ့လာစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းကျန့်မြို့သို့ ရောက်ရှိ၊ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ကျင်းပခဲ့သည့် အဋ္ဌမ အကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (8th Greater Mekong Subregion-GMS) အပါအဝင် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ချုံချင်းမြို့ ကျန်းပေအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရှန်းကျန့်မြို့သို့ ထွက်ခွာ ရာ ချုံချင်းမြို့ ဒုတိယမြို့တော်ဝန် Mr. Shang Kui နှင့် အဖွဲ့ဝင်များ၊ ချုံချင်းမြို့ ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးကျော်ဇေယျာလင်း နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှန်းကျန့်မြို့ ဘောင်အန်းအပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ရှန်းကျန့်မြို့ ဒုတိယမြို့တော်ဝန် Mr. Dai Jin Tao၊ နန်နင်းမြို့မှ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ် ဝန်ချုပ် ဒေါ်နိုင်ဆုလင်းနှင့်တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုပန်းစည်း ဖြင့် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ သို့ ☆

## တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် နိုဝင်ဘာ ၁၀**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

မိုး/ဇလ

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၁၀**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း၌ နောက် ၃၆ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရပါသည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက် ၊ တနင်္လာနေ့။

မန္တလေး နေ့စဉ်

## ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုမြှင့်မားရေး ဆောင်ရွက်လျက်ရှိ

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်းကာ တောင်သူနှင့်အတူ ဆီထွက်သီးနှံမျိုးစေ့ထုတ်လုပ်ရေးနှင့် တန်ဖိုးကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပလျက်ရှိသည်။

ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဆီထုတ်လုပ်မှုတိုးတက်ရေးကို အားပေးမြှင့်တင်ပေးခြင်းဖြစ်ကြောင်း။ ထိုသို့ဆောင်ရွက်နိုင်စေရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီထွက်သီးနှံစိုက်ပျိုးသူ တောင်သူများကို မြေပဲတစ်ဧကလျှင် ကျပ်သုံးသိန်း၊ နေကြာတစ်ဧကလျှင် ကျပ်နှစ်သိန်းနှင့် နှမ်းတစ်ဧကလျှင် ကျပ် ၁ ဒသမ ၅ သိန်းနှင့်ညီမျှသော သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိကြောင်း။ မြန်မာနိုင်ငံတွင် စားသုံးဆီထုတ်လုပ်ရန်အတွက် ၂၀၂၄-၂၀၂၅ ခုနှစ်၌ မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီမုန်ညင်း၊ ပန်းနှမ်း စသည့် ဆီထွက်သီးနှံစိုက်ဧက ၈ ဒသမ ၃၉ သန်းလျာထားပြီး စုစုပေါင်းတင်း ၂၄၅ ဒသမ ၁ သန်း ထွက်ရှိရန် ခန့်မှန်းထားရှိပါကြောင်း။

တစ်ဖက်တွင်လည်း ထွက်ရှိလာသော ဆီထွက်သီးနှံကုန်ကြမ်းများကို ကြိတ်ခွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၄ ခုနှစ်တွင် စက်မှုဝန်ကြီးဌာန၌ မှတ်ပုံတင်ထားသော ဆီစက်ပေါင်း ၂၂၈၇ လုံးခန့်ရှိသည်ဟု သိရှိရပါကြောင်း။ အဆိုပါဆီစက်များ၏ ကြိတ်ခွဲနိုင်မှုစွမ်းအားသည် တစ်နှစ်လျှင် တန်ချိန်နှစ်သိန်းကျော်ရှိသဖြင့် ကုန်ကြမ်းများ ရရှိအောင် စိုက်ပျိုးထုတ်လုပ်ပေးရန် လိုအပ်သကဲ့သို့ ဆီစက်များ၏ အရည်အသွေးကောင်းမွန်ရန်လည်း အရေးကြီးပါကြောင်း စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည့် တောင်သူနှင့်အတူ ဆီထွက်သီးနှံမျိုးစေ့ထုတ်လုပ်ရေးနှင့် တန်ဖိုးကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာဌာန ပညာရှင်များက ဆီထွက်သီးနှံ မျိုးစေ့ထုတ်လုပ်ရေးတွင် ကြုံတွေ့ရသောအခက်အခဲများနှင့် ဆောင်ရွက်ရမည့်အချက်များ၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်ကို လေ့လာသုံးသပ်ခြင်း၊ တောင်သူများ၏ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်လိုသောသဘောထားကို လေ့လာဆန်းစစ်ခြင်း၊ ဆီထွက်သီးနှံများ၏ အရည်အသွေးသတ်မှတ်ချက်များ၊ ပြည်တွင်း၊ ပြည်ပတင်ပို့ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် အရည်အသွေးသတ်မှတ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

သို့ဖြစ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု မြှင့်မားရေး၊ ဆီထွက်သီးနှံများ ဝယ်ယူရေး၊ ကြိတ်ခွဲရေးနှင့် ဆီစက်လုပ်ငန်းဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ ပြည်တွင်း၊ ပြည်ပဈေးကွက်နှင့် ကိုက်ညီမှုရှိစေမည့်အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီး ဥပဒေမိသားစု တတိယအကြိမ် စုပေါင်းမဟာဘုံကထိန်အလှူပွဲ ကျင်းပ



**မန္တလေး နိုဝင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ဥပဒေမိသားစုတို့၏ တတိယအကြိမ် စုပေါင်းမဟာဘုံကထိန်အလှူပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါရုံးခန်းမတွင် ကျင်းပရာ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ လှူဖွယ်ဝတ္ထုငွေများနှင့်အတူ လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့သည်။

အဆိုပါ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် တိုင်းသံဃနာယကဥက္ကဋ္ဌ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာသုခသမ္ဘတ္တိကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ သုစိဏ္ဏာလင်္ကာရက ကထိန်အနုမောဒနာတရားတော်များ ဟောကြားတော်မူပြီးနောက် ပရိတ်တရားတော်များ ချီးမြှင့်တော်မူသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်နှင့် ဇနီးတို့က ကထိန်လျာသင်္ကန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးအေးသိန်းနှင့် ဇနီးတို့က သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆရာတော်က ကထိန်သင်္ကန်းလှူဒါန်းရခြင်းကြောင့် ရရှိသော အကျိုးကျေးဇူးများနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရားဟောကြားတော်မူပြီး ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားရုပ်သိမ်းကာ ပင့်သံဃာအရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ကထိန်အလှူပွဲတွင် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ ခရိုင်နှင့် မြို့နယ်ဥပဒေရုံးဝန်ထမ်းများ စုပေါင်းလှူဒါန်းသည့် တတိယအကြိမ်မြောက် ဘုံကထိန်အလှူပွဲသို့ ကြွရောက်လာသူများအား အကျွေးအမွေးများဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)

ဝ-ဝ-ဝ-ဝ-ဝ

## မန္တလေးတက္ကသိုလ်၌ (၅၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၀**

အဆင့်မြင့်ပညာဦးစီးဌာန၊ မန္တလေးတက္ကသိုလ်၌ (၅၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

မန္တလေးတက္ကသိုလ်၌ (၂၀၂၂-၂၀၂၃)ပညာသင်နှစ်နှင့် (၂၀၂၃-၂၀၂၄)ပညာသင်နှစ်(ဘွဲ့)စာမေးပွဲနှင့် ဒီပလိုမာဘွဲ့စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ခဲ့သည့် ပါရဂူဘွဲ့၊ (၂၀၂၃-၂၀၂၄) ပညာသင်နှစ်၊ မဟာဝိဇ္ဇာဘွဲ့၊ (၂၀၂၂-၂၀၂၃)ပညာသင်နှစ်၊မဟာသိပ္ပံဘွဲ့၊ (၂၀၂၂-၂၀၂၃)ပညာသင်နှစ်၊ မဟာဥပဒေဘွဲ့၊ (၂၀၂၂-၂၀၂၃)ပညာသင်နှစ်၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ (၂၀၂၂-၂၀၂၃)ပညာသင်နှစ်၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ (၂၀၂၂-၂၀၂၃) ပညာသင်နှစ်၊ ဝိဇ္ဇာ(ဘွဲ့)၊ သိပ္ပံ(ဘွဲ့)၊ (၂၀၂၂-၂၀၂၃)ပညာသင်နှစ်၊ ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာမှုပညာ၊ (၂၀၂၂-၂၀၂၃)ပညာသင်နှစ်၊ ဒီပလိုမာဘွဲ့၊ (၂၀၂၃-၂၀၂၄)ပညာသင်နှစ်၊ အသုံးချစိတ်ပညာဘွဲ့လွန်ဒီပလိုမာ (D.A.Psy)အားလုံး ဖြေဆိုအောင်မြင်ခဲ့ကြသည့်ကျောင်းသား၊ ကျောင်းသူမောင်မယ်များအား မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းက ဘွဲ့လက်မှတ်များ အသီးသီးချီးမြှင့်ပေးခဲ့သည်။

မန္တလေးတက္ကသိုလ်၌ (၅၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများ၊ မိဘများ၊ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

(အောက်ပုံ)

(ဝ၅၆)



## ယခုနှစ်တွင် ကမ္ဘာတစ်ဝန်းရှိ ဆန်အများဆုံးထွက်ရှိသော နိုင်ငံ(၁၀)နိုင်ငံတွင် မြန်မာနိုင်ငံက အဆင့် ၈ ဖြင့် ပါဝင်လာ

ယခုနှစ်တွင် ကမ္ဘာတစ်ဝန်းရှိ ဆန်အများဆုံးထွက်ရှိသော နိုင်ငံ(၁၀)နိုင်ငံတွင် မြန်မာနိုင်ငံက မက်ထရစ်တန်ချိန် ၁၁ ဒသမ ၉ သန်းထွက်ရှိကာ အဆင့် ၈ ဖြင့်ပါဝင်လာကြောင်း သိရသည်။

ဆန်သည် ကမ္ဘာပေါ်တွင် အရေးကြီးဆုံးသော အစားအစာများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး မတူညီကွဲပြားသော ယဉ်ကျေးမှုများနှင့် အစားအစာများမှတစ်ဆင့် လူသန်းပေါင်းများစွာအား အာဟာရဖြည့်တင်းပေးလျက်ရှိသည်။

ဆန်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀၀ ကျော်ခန့်က အာရှတိုက်တွင် စတင်ပေါက်ဖွားလာခဲ့ခြင်းဖြစ်သည်။ ဆန်သည် အိန္ဒိယဘာစမာတီအမျိုးအစားမှ ဂျပန်တွင် လူကြိုက်များသော စေးကပ်သောမျိုးကွဲများအထိ ကမ္ဘာတစ်ဝန်းရှိ အစားအစာများ၏ အခြေခံအစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့သည်။

Carbohydrate များ ကြွယ်ဝစွာပါဝင်သောဆန်သည် အရေးကြီးစွမ်းအင်အရင်းအမြစ်ကို ပံ့ပိုးပေးကာ ပါဝင်ပစ္စည်းအမျိုးမျိုးဖြင့် မကြာခဏတွဲစပ်ပြီး အသုံးပြုခြင်းဖြင့် ဆန်၏ဘက်စုံအသုံးပြုနိုင်မှုကို မြင့်တက်စေသည်။

ဆန်ကို အချက်အပြုတ်ဆိုင်ရာအရေးပါမှုအပြင် စပါးစိုက်ပျိုးခြင်းသည် နိုင်ငံများစွာ၏ စီးပွားရေးတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်နေပြီး ဆန်သည် အစားအစာအရင်းအမြစ်သာမက ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာ အခြေခံအုတ်မြစ်တစ်ခုလည်း ဖြစ်သည်။

၂၀၂၄ခုနှစ်၏ ဆန်အများဆုံး ထွက်ရှိသော နိုင်ငံ(၁၀)နိုင်ငံအနေဖြင့် တရုတ်နိုင်ငံသည် ကမ္ဘာ့ဆန်ထုတ်လုပ်မှု၏ ၂၈ ရာခိုင်နှုန်း (မက်ထရစ်တန်ချိန် ၁၄၄ ဒသမ ၆၂ သန်း)ဖြင့် နံပါတ်(၁)နေရာတွင် ရပ်တည်နေပြီး၊ နံပါတ်(၂)အနေဖြင့် အိန္ဒိယနိုင်ငံမှ ကမ္ဘာ့ဆန်ထုတ်လုပ်မှု၏ ၂၆ ရာခိုင်နှုန်း (မက်ထရစ်တန်ချိန် ၁၃၇ ဒသမ ၈၃ သန်း)၊ နံပါတ်(၃)အနေဖြင့် ဘင်္ဂလားဒေ့ရှ်မှ ကမ္ဘာ့ဆန်ထုတ်လုပ်မှု၏ ၇ ရာခိုင်နှုန်း(မက်ထရစ်တန်ချိန် ၃၇သန်း)၊ နံပါတ်(၄)အနေဖြင့် အင်ဒိုနီးရှားမှ ကမ္ဘာ့ဆန်ထုတ်လုပ်မှု၏ ၆ ရာခိုင်နှုန်း(မက်ထရစ်တန်ချိန် ၃၃ ဒသမ ၀၂ သန်း)၊ နံပါတ်(၅)အနေဖြင့် ဗီယက်နမ်မှ ကမ္ဘာ့ဆန်ထုတ်လုပ်မှု၏ ၅ ရာခိုင်နှုန်း (မက်ထရစ်တန်ချိန် ၂၆ ဒသမ ၆၃ သန်း)၊ နံပါတ်(၆)အနေဖြင့် ထိုင်းနိုင်ငံမှ ကမ္ဘာ့ဆန်ထုတ်လုပ်မှု၏ ၄ ရာခိုင်နှုန်း (မက်ထရစ်တန်ချိန် ၂၀ သန်း)၊ နံပါတ်(၇)အနေဖြင့် ဖိလစ်ပိုင်မှ ကမ္ဘာ့ဆန်ထုတ်လုပ်မှု၏ ၂ ရာခိုင်နှုန်း(မက်ထရစ်တန်ချိန် ၁၂ ဒသမ ၃၃ သန်း)၊ နံပါတ်(၈)အနေဖြင့် မြန်မာနိုင်ငံမှ ကမ္ဘာ့ဆန်ထုတ်လုပ်မှု၏ ၂ ရာခိုင်နှုန်း (မက်ထရစ်တန်ချိန် ၁၁ ဒသမ ၉ သန်း)၊ နံပါတ်(၉)အနေဖြင့် ပါကစ္စတန်နိုင်ငံမှ ကမ္ဘာ့ဆန်ထုတ်လုပ်မှု၏ ၂ ရာခိုင်နှုန်း(မက်ထရစ်တန်ချိန် ၉ ဒသမ ၈၇ သန်း)၊ နံပါတ်(၁၀)အနေဖြင့် ဂျပန်နိုင်ငံမှ ကမ္ဘာ့ဆန်ထုတ်လုပ်မှု၏ ၁ ရာခိုင်နှုန်း(မက်ထရစ်တန်ချိန် ၇ ဒသမ ၃သန်း)စသည်ဖြင့် အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။

(ရွှေမန်း)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊


# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ချုံချင့်မြို့ ကျန်းပေအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ချုံချင့်မြို့ ဒုတိယမြို့တော်ဝန် Mr. Shang Kui က ပို့ဆောင်နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရှန်းကျန့်မြို့ ဘောင်အန်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရှန်းကျန့်မြို့ ဒုတိယမြို့တော်ဝန် Mr. Dai Jin Tao၊ နန်နင်းမြို့မှ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဒေါ်ခိုင်ဆုလင်းနှင့်တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။

☆ ရှေ့ဖုံးမှ

**Hytera Communications Corporation Limited**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှန်းကျန့်မြို့ရှိ Hytera Communications Corporation Limited သို့ သွားရောက်လေ့လာကြရာ Founder and Chairman ဖြစ်သူ Mr. Chen Qingzhou နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ကုမ္ပဏီပြခန်းမအတွင်း၌ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းကို ဖွင့်လှစ်ပြသပြီး သမိုင်းအကျဉ်း၊ ကမ္ဘာတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိသည့် ကုမ္ပဏီက ထုတ်လုပ်သော ဆက်သွယ်ရေး နည်းပညာရပ်ဆိုင်ရာပစ္စည်းများနှင့် အသုံးဝင်မှုများ၊ အရေးပေါ်အခြေအနေများ၌ ဆက်သွယ်မှုမပြတ်တောက်စေရေး၊ ကဏ္ဍအလိုက် အခမ်းအနားကြီးများပြုလုပ်ရာတွင် ဆက်သွယ်မှုစနစ် လွယ်ကူမြန်ဆန်ချောမွေ့စေရေး ဆောင်ရွက်နိုင်ခဲ့မှုများအတွက် ဆုတံဆိပ်ရရှိခဲ့မှုများ၊ ခေတ်အလိုက်ပြောင်းလဲတိုးတက်လာသည့် နည်းပညာနှင့်အတူ ဆန်းသစ်တီထွင် ထုတ်လုပ်ထားရှိပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးပေးလျက်ရှိသည့် ဆက်သွယ်ရေးပစ္စည်းကိရိယာများ စသည်တို့ကို လိုက်လံရှင်းလင်း တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များနှင့် အကြံပြုချက်များကို ပြန်လည်ဆွေးနွေးခဲ့သည်။

**The Tide Rises in the Pearl River Exhibition Center**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကွမ်တုံပြည်နယ်၏ ပြုပြင်ပြောင်းလဲမှုနှင့် တံခါးဖွင့်စီးပွားရေးဆောင်ရွက်မှုကို အကောင်အထည်ဖော်ခဲ့သည့် နှစ် ၄၀ မြောက် အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ထားသည့် "The Tide Rises in the Pearl River Exhibition Center" သို့

စာမျက်နှာ ၄ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရှန်းကျန့်မြို့ရှိ Hytera Communications Corporation Limited တွင် ကြည့်ရှုလေ့လာစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ Civic Center ၌ LED Light Show ရောင်စုံမီးအလှများအား နည်းပညာအသုံးပြု၍ လူအများ စိတ်ဝင်စားစေရန် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။

»»» စာမျက်နှာ ၃ မှ

သွားရောက် လေ့လာကြည့်ရှုကြရာ ပြတိုက်မှူး Mr. Huang Chen နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရှန်းကျန့်မြို့၏ ခေတ်အဆက်ဆက် ပြုပြင်ပြောင်းလဲတိုးတက်လာမှု သမိုင်းမှတ်တမ်းကို ဖွင့်လှစ်ပြသသည်။ ဆက်လက်၍ နှစ်အလိုက် ပြောင်းလဲလာသည့် ကွမ်ကျိုးလူနေမှုဘဝ၊ ပညာရေးစနစ်၊ အုပ်ချုပ်ရေးစနစ်၊ ကွမ်တုံပြည်နယ်၏ သင်္ကေတ၊ ၁၉၈၀ နောက်ပိုင်း ပြည်တွင်း၊ ပြည်ပ တင်ပို့ရောင်းချလျက်ရှိသည့် ချည်ထည်ပြခန်းအပါအဝင် ကဏ္ဍစုံ၌ ဖွံ့ဖြိုးတိုးတက်လာသည့် မှတ်တမ်းဓာတ်ပုံများ၊ သရုပ်ပြပုံများ၊ အထူးစီးပွားရေးဇုန် စတင်ထူထောင်ခဲ့မှု မှတ်တမ်းများ၊ အခြေခံ အဆောက်အအုံ စတင်ဆောက်လုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများနှင့် ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုနှင့် ပြုပြင်ပြောင်းလဲမှုကာလတစ်လျှောက် ပါတီဗဟိုကော်မတီက ချမှတ်ပေးခဲ့သော ပြုပြင်ပြောင်းလဲမှုနှင့် အဆင့်ဆင့် ပြောင်းလဲတိုးတက်လာမှုပြခန်းများကိုလေ့လာကြည့်ရှုခဲ့ပြီး ပြတိုက်မှူးနှင့် ပြကွက်များအလိုက် တာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Civic Center သို့ ရောက်ရှိကြပြီး LED Light Show ရောင်စုံမီးအလှများအား နည်းပညာအသုံးပြု၍ လူအများ စိတ်ဝင်စားစေရန် ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ တည်ခင်းဧည့်ခံသည့် ခရီးစဉ်ဂုဏ်ပြုညစာစားပွဲကို အတူတကွ စာမျက်နှာ ၅ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရှန်းကျန့်မြို့ရှိ The Tide Rises in the Pearl River Exhibition Center ၌ ကြည့်ရှုလေ့လာစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ BYD မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီမှ ထုတ်လုပ်ထားသည့် BYD-U9 မော်ဒယ်ဖြင့် သရုပ်ပြသမှုကို ကြည့်ရှုလေ့လာစဉ်။

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

ရက်စွဲ ၊ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ (၁၀) ရက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပသည့်အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၀)ကြိမ်မြောက် ဧရာဝတီ - ကျောက်ဖရား - မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးနှင့်(၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံနှင့် ပြည်သူများအတွက် အထူးကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များအား ရယူနိုင်ခဲ့ခြင်း၊ ဧရာဝတီ - ကျောက်ဖရား - မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ၏ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူခြင်းတို့အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း သတင်းထုတ်ပြန် ကြေညာအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရှန်းကျန့်မြို့ရှိ BYD မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီ၌ ကြည့်ရှုလေ့လာစဉ်။

»»» စာမျက်နှာ ၄ မှ

တက်ရောက်သုံးဆောင်ခဲ့ကြပြီး ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

**BYD မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီ**

ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှန်းကျန့်မြို့ရှိ BYD မော်တော်ကား ထုတ်လုပ်ရေးကုမ္ပဏီသို့ ရောက်ရှိလေ့လာကြရာ ကုမ္ပဏီမှ Asia-Pacific Auto Sales Division Country Head of BYD Myanmar ဖြစ်သူ Mrs. Gillian Li နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ကုမ္ပဏီမှ ထုတ်လုပ်ထားသည့် BYD-U9 မော်ဒယ်ဖြင့် သရုပ်ပြသပြီး ကုမ္ပဏီပြခန်းအတွင်း၌ ထုတ်လုပ်ထားသည့် ကားအမျိုးအစားများအား တစ်စီးချင်းစီအလိုက် ရှင်းလင်းပြသ၍ ကုမ္ပဏီသမိုင်းအကျဉ်းနှင့် လုပ်ငန်းဆောင်ရွက်နေမှု မှတ်တမ်းကို ဖွင့်လှစ်ပြသသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရှန်းကျန့်မြို့ရှိ The Tide Rises in the Pearl River Exhibition Center တွင် ကြည့်ရှုလေ့လာစဉ်။

ယင်းနောက် မော်တော်ယာဉ် ဖွဲ့စည်းတည်ဆောက်မှု အစိတ်အပိုင်းများကိုအပိုင်းလိုက်ခင်းကျင်းပြသထားမှု၊ နှစ်အလိုက်ဖွံ့ဖြိုးတိုးတက်လာမှုများ၊ ထုတ်လုပ်နေမှုအဆင့်ဆင့်အား ပုံစံငယ်ဖြင့်ပြသထားမှု၊ EV ရထားနှင့် ရထားတွင် ပါဝင်သည့်အစိတ်အပိုင်းများ၊ ပြည်တွင်း၊ ပြည်ပ၌ ပြေးဆွဲလျက်ရှိမှုများ၊ ကုမ္ပဏီမှ ထုတ်လုပ်သုံးစွဲထားသည့် ဘက်ထရီနှင့် ရိုးရိုးဘက်ထရီတို့၏ ခံနိုင်ရည်စွမ်းရည်အား လက်တွေ့နှိုင်းယှဉ် သရုပ်ပြသမှုတို့ကို လိုက်လံကြည့်ရှုလေ့လာခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် Mrs. Gillian Li တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## အိမ်နီးချင်း

❖ ရေခံမြေခံ
ကံတူဆုံစည်း၊ အိမ်ချင်းနီး၍
အိမ်နီးချင်းတွေ၊ ဖြစ်ကြပေ၏
ရပ်ဆွေရပ်မျိုး၊ ချစ်ခင်တိုးလျက်
အကျိုးတူစွာ၊ ပူးပေါင်းပါမှ
သူငါတူမျှ၊ အကျိုးရလိမ့်...။

❖ အိမ်နီးချင်းမို့
ရင်းနှီးနွေးထွေး၊ စောင့်ရှောက်ဖေးကူ
အေးတူပူမျှ၊ တူတကွလျှင်
ကိုယ်ကသူ့ကျိုး၊ သူ ကိုယ့်ကျိုးကို
သယ်ပိုးပြန်လှန်၊ မေတ္တာမှန်မှ
ကေန်ဓွန့်ရှည်၊ စည်းလုံးညီလိမ့်...။

❖ အိမ်နီးချင်းမို့
စိတ်ချင်းနီးလျှင်၊ ဆွေမျိုးပင်တည့်
ချစ်ခင်မြဲလျှင်၊ သွေးသားပင်တည့်
ရင်၌ဖြစ်တည်၊ ကမ္ဘာတည်မည့်
ယုံကြည်မှုများ၊ နှစ်ဖက်ကြားဝယ်
တိုးပွားမှလေ၊ အကျိုးများပေလိမ့်...။

❖ နှစ်ပေါင်းထောင်ချီ၊ ယှဉ်တွဲတည်လျက်
ချစ်ကြည်ရင်းနှီး၊ သည်ခရီးဝယ်
နီးတုံဝေးတုံ၊ နိမ့်တုံမြင့်တုံ
ဘယ်သို့ကြုံလည်း
ဘုံအကျိုးတွက်၊ မိတ်မပျက်ဘဲ
နှစ်ဖက်ပူးကပ်၊ ရင်းချင်းအပ်လျက်
ခိုင်မတ်ဂုဏ်သိန်၊ နှစ်ဖက်အိမ်၏
စည်းစိမ်ချမ်းသာ၊ အဖြာဖြာတို့
ခိုင်မာဖွံ့ဖြိုး၊ တိုးထက်တိုးအောင်
သယ်ပိုးဆောင်နိုင်ပါစေသတည်း။
အိမ်နီးချင်းနှင့်အတူပေါင်းစည်း။
ကိုယ့်အိမ်ထွန်းပြောင်ပါစေသတည်း။

(အိမ်နီးချင်း မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးမှုသို့ ဂုဏ်ပြုလျက်)

ဇော်မင်းမင်းဦး

○ စာမျက်နှာ ၂၄ မှ

တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည် လိုက်ပါလာခဲ့ကြသည်။

**ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့**

ခရီးစဉ်အတွင်း ကူမင်းမြို့၌ ကျင်းပသည့် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခြင်း၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang နှင့် တွေ့ဆုံဆွေးနွေးခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်နယ်အဆင့် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ကူမင်းမြို့၊ ချုံချင့်မြို့နှင့် ရှန်းကျန့်မြို့တို့ရှိ အထင်ကရနေရာများ၊ တက္ကသိုလ်များနှင့် စက်ရုံ၊ အလုပ်ရုံများသို့ လေ့လာခြင်းစသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်နိုင်ခဲ့ကာ နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် အပြုသဘောဆောင်သည့် စီးပွားရေးဆိုင်ရာဆွေးနွေးမှုရလဒ်များ ပေါ်ထွက်လာအောင် ဖော်ဆောင်နိုင်ခဲ့ကြောင်း နှင့် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည့်ခရီးစဉ်တစ်ခုဖြစ်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာစံတော်ချိန် မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသား တရုတ်နွယ်ဖွားပြည်သူများ၊ တရုတ်ရိုးရာ နဂါးနှင့် ခြင်္သေ့အကအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ တာဝန်ရှိသူများ၊ ဘာသာပေါင်းစုံ အသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့ပြင် "တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု အခွန့်ရှည်ပါစေ"၊ "တရုတ်-မြန်မာနှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ပါစေ"၊ " တရုတ် - မြန်မာနှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား လှိုက်လှဲစွာကြိုဆိုပါသည်"၊ "တရုတ်မြန်မာ ချစ်ကြည်စွာ တွဲလက်မြဲပါစေ"၊ "မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား လှိုက်လှဲစွာကြိုဆိုပါ၏" စသည့် ဆိုင်းဘုတ်များ ကိုင်ဆောင်၍ လည်းကောင်း၊ "တရုတ်-မြန်မာ ချစ်ကြည်ရေး အခွန့်ရှည်တည်တံ့ပါစေ"၊ "အမျိုး၊ ဘာသာ၊ သာသနာအတွက် ကြိုးပမ်း ဆောင်ရွက်နေသည့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာပါစေ"၊ "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာပါစေ"၊ "တရုတ်-မြန်မာ ချစ်ကြည်ရေး ခိုင်မြဲပါစေ"၊ "ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေး အခွန့်ရှည်ပါစေ" စသည့် ကြွေးကြော်သံများကို ကြွေးကြော်၍ လည်းကောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍ လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်ရိုးရာနဂါးနှင့် ခြင်္သေ့အကအဖွဲ့က ကြိုဆိုနှုတ်ဆက်ကြစဉ်။



### ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသား တရုတ်နွယ်ဖွားပြည်သူများ၊ တရုတ်ရိုးရာ နဂါးနှင့် ခြင်္သေ့အကအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ တာဝန်ရှိသူများ၊ ဘာသာပေါင်းစုံ အသင်းအဖွဲ့များ၊ အနုပညာရှင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်စဉ်။

○ စာမျက်နှာ ၂၄ မှ

နိုဗိုတယ် ရန်ကုန်မက်စ်တွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းဆင်းပွဲ အခမ်းအနားအား ယနေ့ညနေ ၄ နာရီက နိုဗိုတယ် ရန်ကုန်မက်စ်တွင် ကျင်းပခဲ့ရာ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်း ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်၊ အာရှဘောလုံးအဖွဲ့ချုပ် ဆေးဘက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ Dato' Dr. Gurcharan Singn တို့က သင်တန်းဆင်းအမှာစကားများ ပြောကြားခဲ့ပြီး သင်တန်းနည်းပြများနှင့် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ယင်းနောက် သင်တန်းသားတစ်ဦးက AFC အားကစားဆေးပညာသင်တန်းမှ သင်ယူခဲ့ရသည်များနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားခဲ့သည်။ AFC Football Medicine and Anti-Doping Course အားကစားဆေးပညာသင်တန်းအား အာရှဘောလုံးအဖွဲ့ချုပ် ဆေးဘက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ Dato' Dr. Gurcharan Singh၊ AFC Instructors များဖြစ်သည့် MR. Trevor Law (Australia)၊ ပရော်ဖက်ဆာ ဒေါက်တာခင်စောဦး၊ ဒေါက်တာကျော်သန့်ဇင်၊ ဒေါက်တာယုနန္ဒာထွန်းတို့က တာဝန်ယူပို့ချပေးခဲ့ပြီး သင်တန်းသား၊ သင်တန်းသူဦးရေ ၆၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(NGB)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၀

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

သတင်း-စာမျက်နှာ ၂၄






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံသား တရုတ်နွယ်ဖွားပြည်သူများ၊ တရုတ်ရိုးရာနဂါးနှင့် ခြင်္သေ့အကအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။






## ခရီးစဉ်ရဲ့အနှစ်ချုပ်ကို ပြောရမယ်ဆိုရင် ခရီးစဉ်ဟာ တရုတ်နိုင်ငံတင်မကဘဲ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့ရဲ့ ဝန်ကြီးချုပ်တို့နဲ့ ဆွေးနွေးခဲ့တာဖြစ်ပါတယ်၊ ခရီးစဉ်ဟာ မြန်မာပြည်သူလူထုရဲ့လူမှုစီးပွားဘဝ မြင့်တက်စေရေးအတွက် အထူးကိုပဲ အောင်မြင်တဲ့ခရီးစဉ် တစ်ခုဖြစ်တယ်လို့ ကျွန်တော် ပြောချင်ပါတယ်

ဗိုလ်ချုပ်ဇော်မင်းထွန်း

**ဗိုလ်ချုပ်ဇော်မင်းထွန်း**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အနေနဲ့ ကျွန်တော်တို့ ဒီလ ၅ ရက်ကနေ ၁၀ ရက်အထိ တရုတ်နိုင်ငံမှာ တရုတ်အစိုးရရဲ့ဖိတ်ကြားချက်အရ သွားရောက်ခဲ့ပါတယ်။ အဓိက ကတော့ ကျွန်တော်တို့ အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသ(ဂျီအမ် အက်စ်) အစည်းအဝေး၊ (၁၀)ကြိမ်မြောက်(အက်မက်စ်)အစည်းအဝေး ဧရာဝတီ-ကျောက်ဖရား-မဲခေါင်အစည်းအဝေး၊ (၁၁)ကြိမ်မြောက် (စီအယ်လ်အမ်ဗွီ) အစည်းအဝေးတွေကို တက်ရောက်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ နောင်နှစ်မှာဆိုရင် (အက်မက်စ်)ကို အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း နိုင်ငံစုံ(အက်မက်စ်)နိုင်ငံတွေကို ဖိတ်ခေါ်ပြီးလုပ်ဆောင်သွားနိုင် မယ်လို့မျှော်လင့်ပါတယ်။ တရုတ်နိုင်ငံကိုသွားတဲ့အခါမှာလည်း တရုတ် နိုင်ငံဝန်ကြီးချုပ်နဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရဲ့ ပါတီအတွင်းရေးမှူးနဲ့လည်း တွေ့ဆုံခဲ့တယ်။ နောက်ပြီး ချုံချင့် ပြည်နယ်ရဲ့ပါတီအတွင်းရေးမှူးနဲ့လည်း တွေ့ဆုံခဲ့ပါတယ်။ အဲဒီမှာ အပိုင်းခွဲပြီးပြောရမယ်ဆိုရင် နိုင်ငံရေးအရ တရုတ်နိုင်ငံအနေနဲ့ ယခင် ကလိုပဲ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုကို အားပေး ပါတယ်။ ဒါတွေကို ထပ်မံထပ်လောင်းအသိအမှတ်ပြုတယ်။ တရုတ် နိုင်ငံရဲ့နယ်နိမိတ်၊ တရုတ်နိုင်ငံရဲ့နယ်မြေကို အခြေပြုပြီး မြန်မာနိုင်ငံ ကို ဆန့်ကျင်နေတဲ့သူတွေ၊ မြန်မာနိုင်ငံနဲ့ ပတ်သက်ဆန့်ကျင်နေတဲ့ အဖွဲ့အစည်းမှန်သမျှကို လက်မခံကြောင်းပြောပါတယ်။ အဲဒီလိုပဲ မြန်မာ နိုင်ငံအနေနဲ့လည်း တရုတ်နိုင်ငံရဲ့မူဝါဒကို ထပ်လောင်းအတည်ပြုခဲ့တယ်။ တရုတ်နိုင်ငံကိုဆန့်ကျင်တဲ့သူတွေ မြန်မာနိုင်ငံထဲမှာအခြေမပြုနိုင်အောင် ကျွန်တော်တို့ထပ်မံပြီးတော့ ထပ်လောင်းအတည်ပြုခဲ့ပါတယ်။ ဒါက နိုင်ငံရေးပိုင်းနဲ့ပတ်သက်ပြီး တစ်နိုင်ငံနဲ့တစ်နိုင်ငံ မြန်မာနိုင်ငံရဲ့နိုင်ငံရေး စနစ်ခိုင်မာစေဖို့အတွက် တရုတ်နိုင်ငံအနေနဲ့ အမြဲတမ်းအားပေး ထောက်ခံမှုကိုလည်းရရှိခဲ့တယ်။ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်တွေနဲ့ အပြုသဘောဆောင်တဲ့ဆက်ဆံရေး၊ အပြုသဘောဆောင်တဲ့တိုးတက် မှုတွေကိုရရှိအောင် ဆွေးနွေးနိုင်ခဲ့တယ်။ နောက်တစ်ခု စီးပွားရေးနဲ့



ဗိုလ်ချုပ်ဇော်မင်းထွန်း



ဦးဝင်းမြင့်




ဦးဇော်ဇော်နိုင်



ဦးနောင်တော်လေး

ပတ်သက်ပြီး တရုတ်နိုင်ငံမှ မြန်မာနိုင်ငံကိုလာပြီး ရင်းနှီးမြှုပ်နှံချင် တဲ့စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ကျွန်တော်တို့ကူမင်းနဲ့ချုံချင့်မှာလည်း တွေ့ဆုံခဲ့တယ်။ အောင်မြင်မှုရခဲ့တယ်။ မြန်မာနိုင်ငံကို လာရောက်ပြီး စီးပွားရေးရင်းနှီးမြှုပ်နှံလိုမှု၊ စိတ်ဝင်စားတဲ့သူတွေများပါတယ်။ ကျွန်တော် တို့အနေနဲ့က တရုတ်နိုင်ငံမှာ ဆောင်ရွက်ခဲ့တာတွေကို Action Plan အနေနဲ့သက်ဆိုင်ရာတာဝန်ရှိသူတွေက တက်တက်ကြွကြွလိုက်လုပ်ဖို့ပဲ လိုအပ်တယ်လို့မြင်ပါတယ်။ တရုတ်ရဲ့ One Belt One Road စီမံကိန်း စတဲ့ မြန်မာနဲ့ဆိုင်တဲ့ CMR မြန်မာ-တရုတ်စီးပွားရေးစင်္ကြံစီမံကိန်း တွေနဲ့ပတ်သက်ပြီးလည်း မကြာမီတိုးမြင့်လာမယ်လို့ မျှော်မှန်းပါတယ်။ လူမှုရေးပိုင်းနဲ့ပတ်သက်ပြီး ပညာရေးကဏ္ဍဖြစ်တယ်။ ပညာရေး ကဏ္ဍမှာ တရုတ်နိုင်ငံကနေ မြန်မာနိုင်ငံကို ပြည်နယ်အဆင့်မှာရော ဗဟိုအစိုးရအဆင့်မှာပါ ကျွန်တော်တို့ ပညာတော်သင်အဖွဲ့တွေပိုပြီး တော့ခေါ်မှာဖြစ်တယ်။ မြန်မာနိုင်ငံ လူမှုစီးပွားဘဝမြင့်မားတိုးတက်စေ ရေးကို ဆက်လက်ပြီး ကူညီဆောင်ရွက်ပါမယ်။ ခရီးစဉ်ရဲ့အနှစ်ချုပ်ကို ပြောရမယ်ဆိုရင် ခရီးစဉ်ဟာ တရုတ်နိုင်ငံတင်မကဘဲ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့ရဲ့ ဝန်ကြီးချုပ်တို့နဲ့ဆွေးနွေးခဲ့တာဖြစ် ပါတယ်။ ခရီးစဉ်ဟာ မြန်မာပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ မြင့်တက် စေရေးအတွက် အထူးကိုပဲ အောင်မြင်တဲ့ခရီးစဉ်တစ်ခုဖြစ်တယ်လို့ ကျွန်တော် ပြောချင်ပါတယ်။

**ဦးဝင်းမြင့်( တွဲဖက်အတွင်းရေးမှူး)**
**မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်**

ရန်ကုန်မှာရှိတဲ့ မြန်မာနိုင်ငံပေါက် တရုတ်အမျိုးသားအဖွဲ့ ဒီမှာ လာရောက်ပြီးတော့ နိုင်ငံရဲ့အကြီးအကဲကို ကြိုဆိုရတဲ့အတွက် စိတ်ထဲမှာ အင်မတန် ဝမ်းသာပီတိဖြစ်မိပါတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံက နှစ်ပေါင်းထောင်နဲ့ချီပြီးတော့ ချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံတိုးတက်ရေး၊ ကျွန်တော်တို့နိုင်ငံရဲ့ ခေါင်းဆောင်ကြီး တရုတ်ပြည် မှာ ဆွေးနွေးပြီးတော့ နှစ်နိုင်ငံချစ်ကြည်ရေးအပေါ်မှာ အများကြီး အကျိုးသက်ရောက်မှုရှိတယ်။ တရုတ်-မြန်မာ နှစ်နိုင်ငံငြိမ်းချမ်းရေး၊ တိုးတက်ရေးအစစအရာရာ ဖြစ်နိုင်ပါတယ်လို့ ကျွန်တော်တို့ အပြည့်အဝ ယုံကြည်ပါတယ်။ ဒါကြောင့် နောက်နောင်မှာလည်း စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အစစအရာရာ အကျိုးရှိမယ်လို့ ယုံကြည်ပါတယ်။

**ဦးဇော်ဇော်နိုင်(ဥက္ကဋ္ဌ)**
**မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း**

ဒီနေ့ ဒီအခမ်းအနားကတော့ နိုင်ငံတော်ဝန်ကြီးချုပ်ကြီး ဦးဆောင် ပြီး တရုတ်ပြည်ခရီးစဉ်မှာ အောင်မြင်မှုတွေများစွာနဲ့ မြန်မာနိုင်ငံအတွက် စာချုပ်များစွာ ချုပ်ပေးလာတဲ့အတွက် ကျွန်တော်တို့ ရန်ကုန်မြို့ကနေ လာရောက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်ကို ဂုဏ်ပြုသောအားဖြင့် ကြိုဆို တာပါ။ နိုင်ငံတော်အစိုးရကတော့ တရုတ်နိုင်ငံရဲ့ ခရီးစဉ်တွေသွားတယ်။

စာမျက်နှာ ၈ သို့ ⁜

# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် နေပြည်တော်၌ ကျင်းပပြုလုပ်ရန်စီမံထား

## ရသင့်ရထိုက်သည့် အနုပညာရှင်များ ရရှိစေရေးအတွက် ဆုများအကဲဖြတ်စိစစ်ရေးအဖွဲ့ကို စနစ်တကျ ဖွဲ့စည်းတာဝန်ပေးရန်လို

ရန်ကုန် နိုဝင်ဘာ ၁၀

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်အမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

### အောင်မြင်စွာကျင်းပ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် နေပြည်တော်၌ ကျင်းပပြုလုပ်ရန် စီမံထားရှိပါကြောင်း၊ ၎င်းအခမ်းအနားကို ယခင်နှစ်ကျင်းပခဲ့သည့် အစဉ်အလာအတိုင်း ခမ်းနားတင့်တယ်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ပုဂ္ဂိုလ်များအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရှိစေလိုကြောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ ချီးမြှင့်ရေးနှင့်ပတ်သက်၍ ရသင့်ရထိုက်သည့်အနုပညာရှင်များ ရရှိစေရေးအတွက် ဆုများအကဲဖြတ်စိစစ်ရေးအဖွဲ့ကို စနစ်တကျ ဖွဲ့စည်းတာဝန်ပေးရန်လိုကြောင်း၊ အဆိုပါ စိစစ်ရေးအဖွဲ့တွင် အတွေ့ကြုံကောင်းကောင်း၊ ပုဂ္ဂိုလ်စွဲကင်းကင်းဖြင့် ရွေးချယ်ပေးမည့် ပုဂ္ဂိုလ်များအား တာဝန်ပေးအပ်ရန်လိုပါကြောင်း၊ အထူးသဖြင့် ၂၀၂၄ ခုနှစ်တွင် ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကားများ၌ ပါဝင်ခဲ့သည့် ပုဂ္ဂိုလ်များနှင့် ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ခံရနိုင်ဖွယ်ရှိသည့် ပုဂ္ဂိုလ်များကို အစကတည်းကပင် ဆုများအကဲဖြတ်စိစစ်ရေးအဖွဲ့တွင် တာဝန်ပေးအပ်ရန် မပြုသင့်ပါကြောင်း၊ ၎င်းတို့အား အကဲဖြတ်စိစစ်ရေးအဖွဲ့ တာဝန်ပေးအပ်ပါက မလိုလားအပ်သည့် အထင်အမြင် လွဲမှားမှုများ ကြုံတွေ့ရနိုင်ပါကြောင်း၊ ယခုကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကြီးကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့က တာဝန်ယူ၊ တာဝန်ခံစိတ်ဖြင့် အောင်မြင်စွာကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ညှိနှိုင်းပေါင်းစပ်

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့က ယခင်နှစ်ကျင်းပခဲ့သည့် အခမ်းအနားမှ ရရှိခဲ့သောအားသာချက်/အားနည်းချက်များကို လည်းကောင်း၊ ယခုအခမ်းအနားအတွက် တာဝန်ခွဲဝေဆောင်ရွက်မည့် အစီအစဉ်ကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုနှင့် မိတ္ထီလာမြို့နယ်ရှိ ၅၀၀ ကေဗွီ ကံကောင်းဓာတ်အားခွဲရုံစီမံကိန်း လုပ်ငန်းတိုးတက်မှုကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၀

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ယမန်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ရဲရွာရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုနှင့် မိတ္ထီလာမြို့နယ်ရှိ ၅၀၀ ကေဗွီ ကံကောင်းဓာတ်အားခွဲရုံစီမံကိန်းလုပ်ငန်း တိုးတက်မှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### စားသောက်ဖွယ်ရာပေးအပ်

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရဲရွာရေအား လျှပ်စစ် ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ဓာတ်အားပေးစက်များ စဉ်ဆက်မပြတ် မောင်းနှင်လည်ပတ် ထုတ်လုပ်နိုင်ရေးအတွက် စက်များ၏ ကြံ့ခိုင်ရေး ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျစီမံချက်ရေးဆွဲ ဆောင်ရွက်သွားရန်နှင့် ဓာတ်အားပေးစက်များ ပျက်စီးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်းမောင်းနှင်သွားရန် လိုအပ်ကြောင်းမှာကြားပြီး ဝန်ထမ်းများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ထို့နောက် ဓာတ်အားပေးစက်ရုံ Switchyard အတွင်း လက်ရှိဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ၏ ဝန်အားထိန်းညှိပို့လွှတ်ပေးနေမှု၊ ဓာတ်အားပေးစက်ရုံ၏ ဓာတ်အားထိန်းချုပ်ခန်းနှင့် တာဘိုင်စက်ခန်းများအတွင်း ဓာတ်အားပေးစက်များ မောင်းနှင်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပို့လွှတ်ပေးနေမှု၊ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေယူအဆောက်အအုံ၊ ရေပိုလွှဲနှင့် တမံ၏ကြံ့ခိုင်မှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### လှည့်လည်ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မိတ္ထီလာမြို့နယ်ရှိ ၅၀၀ ကေဗွီ ကံကောင်းဓာတ်အားခွဲရုံစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း ထရန်စဖော်မာများနှင့် Shunt Reactor တပ်ဆင်ပြီးစီးမှု၊ Hybrid Gas Insulated Switchgear (HGIS) တပ်ဆင်ပြီးစီးမှု၊ 500 kV Switch Bay နှင့် 230 kV Switch Bay တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် Control Building တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### ရာနှုန်းပြည့်ပြီးစီးနိုင်ရေးကြိုးပမ်း

ယခုအကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် ၅၀၀ ကေဗွီ ကံကောင်းဓာတ်အားခွဲရုံစီမံကိန်းသည် ယခုအခါ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကာ ဒီဇင်ဘာလတွင် စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

※ စာမျက်နှာ ၇ မှ

အောင်မြင်တယ်။ ဒီလိုပဲ အိန္ဒိယနိုင်ငံနဲ့ မြန်မာနိုင်ငံနဲ့ အောင်မြင်မှုတွေ များစွာရှိပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် စီးပွားရေးရောချစ်ကြည်ရေးဦးဆောင်ပြီး လုပ်လာတဲ့အတွက် ဂုဏ်ပြုပြီး လာကြိုတာဖြစ်ပါတယ်။ ကျွန်တော်လည်း ကျေးဇူးတင်ပါတယ်။ ဝမ်းလည်းသာပါတယ်။ ဒီပွဲကို လာတက်ရတာ စိတ်ချမ်းမြေ့ပါတယ်။ ကြည်နူးမိပါတယ်။

**ဦးနောင်တော်လေး(အယ်ဒီတာချုပ်)**

**Myanmar National Post**

ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်တဲ့အဖွဲ့ တရုတ်ပြည်ကို စသွားပြီး ဆွေးနွေးဆောင်ရွက်မှုတွေကို စဉ်ဆက်မပြတ် စောင့်ကြည့်တယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်တဲ့အဖွဲ့ ဆောင်ရွက်ချက်တွေဟာ တိုင်းပြည်မှာ ပကတိလိုအပ်ချက်တွေဖြစ်တဲ့ တည်ငြိမ်အေးချမ်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်တဲ့ဆွေးနွေးမှုတွေ ဆောင်ရွက်နိုင်ခဲ့တယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့က လာရောက်ကြိုဆိုဂုဏ်ပြုသင့်တယ်။ ဒီလိုရှုမြင်တဲ့အတွက် အမျိုးသားရေးအင်အားစုတွေအနေနဲ့ လာရောက်ပြီး ကြိုဆိုကြခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ဆောင်ရွက်ချက်၊ တစ်ဖက်က တိုင်းပြည်ကို တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်လုပ်နေတဲ့ အဖွဲ့တွေရဲ့ဆောင်ရွက်ချက်တွေကို နှိုင်းယှဉ်ကြည့်နေရတာပါ။ အထူးသဖြင့် တိုင်းပြည်အတွင်းမှာ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်လုပ်နေတဲ့အဖွဲ့အစည်း နယ်စပ်ဒေသမှာ အခြားတိုင်းပြည်တွေကို ခြေကုပ်ယူပြီး ကိုယ့်တိုင်းပြည်ကို ဖျက်ဆီးနေတဲ့အခြေအနေမျိုးမှာ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းဖို့ အဓိကဖြစ်နေတယ်။ အထူးသဖြင့် တရုတ်နိုင်ငံဝန်ကြီးချုပ်နဲ့ တွေ့ဆုံတဲ့အခါမှာ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောဆိုခဲ့တဲ့စကားဟာ တိုင်းပြည်ရဲ့ ပကတိလိုအပ်ချက်ဖြစ်တယ်။ MNDAA၊ TNLA၊ AA အဖွဲ့တွေရဲ့လုပ်ရပ်တွေဟာ ဒေသတွင်းမှာ နစ်နာဆုံးရှုံးမှုတွေအများကြီး ဖြစ်တယ်။ သူတို့ဘက်က ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားတဲ့ သဘောမျိုးမပြဘဲနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်မယ်ဆိုတာက ယုတ္တိမရှိဘူး။ ဒါမျိုးလည်း ခွင့်ပြုတော့မှာ မဟုတ်ဘူး။ ဒီလိုပြတ်ပြတ်သားသားပြောတာကို ကျွန်တော်တို့မီဒီယာသမားတွေအနေနဲ့ ကြိုဆိုတယ်။ တရုတ်ပြည်အနေနဲ့လည်း တိုင်းရင်းသားလက်နက်ကိုင်ဆိုသူတွေရဲ့လုပ်ရပ်တွေကို နားလည်လောက်ပြီလို့ထင်တယ်။ မြန်မာတစ်နိုင်ငံတည်းက ထိခိုက်တာမဟုတ်ဘူး။ အိမ်နီးချင်းနိုင်ငံတွေမှာလည်း အကြမ်းဖက်လှုပ်ရှားမှုက ထိခိုက်မှုတွေရှိတယ်။ ဆုံးရှုံးနစ်နာမှုတွေရှိတယ်။ ဒီအပေါ်မှာ နိုင်ငံတော်အကြီးအကဲရဲ့ဆွေးနွေးမှုတွေနဲ့ အခြားနိုင်ငံ့ခေါင်းဆောင်တွေကလည်း အပြုသဘောဆန်ဆန် သုံးသပ်တတ်မယ်ဆိုရင် ကိုယ့်နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက်သာမက ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက်ပါ အကျိုးရှိတဲ့ခရီးစဉ်တစ်ခုလို့ မြင်ပါတယ်။

သတင်းစဉ်

## ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၂၂)အခြေခံအထက်တန်းကျောင်းတွင် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်အသိပညာပေး ဟောပြောပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၀**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးနှင့်မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း (ဗဟို) (AEDE-Mdy)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၈ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၂၂)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။



ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးစိုးက အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က ဟောပြောပွဲ ကျင်းပရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် မူးယစ်သမိုင်းကြောင်းကို အသင်းအမှုဆောင် ဦးဝင်းမင်းလှိုင်ကလည်းကောင်း၊ အသင်းအမှုဆောင် ဒေါ်ခင်မေပိုင်က မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်များကိုလည်းကောင်း၊ ပညာပေးဟောပြောကြပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများကို မူးယစ်ဆေးဝါးဆိုင်ရာ မေးခွန်းများမေးမြန်း၍ မှန်ကန်သူများကို ဆုများချီးမြှင့်ခဲ့သည်။ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါး မသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ချတ်ဆိုကြကြောင်း သိရသည်။(ဝဲပုံ)(၀၇၀)



## စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြသ

**ပွင့်ဖြူ နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်မီးသတ်ဦးစီးဌာနက ပွင့်လင်းရာသီကာလ ရောက်ရှိလာပြီဖြစ်၍ မီးလောင်မှုနှင့် မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် ယမန်နေ့က ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာအုပ်စု၊ လှည်းကြီးကျေးရွာအခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ပြီး စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြသခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ မီးဘေးလုံခြုံရေးအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် ရှေးဦးစွာ ပွင့်ဖြူမြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲလင်းနောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင် ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့်အတူ "မိတ်ဖက်အဖွဲ့အစည်းများနှင့် လူထုအခြေပြုလုပ်ရှားမှုများ" CNG. (Clean & Green School) ခေါင်းစဉ်ဖြင့် မီးဘေးလုံခြုံရေးအတွက်ကြိုတင်ကာကွယ်ရမည့်အချက်များ၊ ကျောင်းပတ်ဝန်းကျင်သာယာလှပစိမ်းလန်းစိုပြည်ရေးနှင့် ပညာရည်ထူးချွန်ထက်မြက်သော ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွန်းလာစေရေး သိရှိလိုက်နာရမည့်ဆောင်ရန်၊ ရှောင်ရန် သိကောင်းစရာများကို အသိပညာပေး ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက တက်ရောက်လာသည့်ဌာနဆိုင်ရာများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို မီးဘေးအန္တရာယ်ကြုံတွေ့ပါက မီးသတ်ဆေးဘူးဖြင့် စနစ်တကျ ကိုင်တွယ်အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်နည်းစနစ်များနှင့် အသက်ကယ်ကြိုးကူးနည်းစနစ်များကို လေ့ကျင့်သရုပ်ပြသရာ တက်ရောက်လာကြသူများနှင့်ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က လှည်းကြီးကျေးရွာစာသင်ကျောင်းအတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်စေရေး ကျောင်းဆောင်များအလိုက် တပ်ဆင်အသုံးပြုထားသည့် လျှပ်စစ်မီးကြိုးများ၊ မီးသီးများနှင့် လျှပ်စစ်မိန်းခုံများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ၊ မရှိ၊ ကျောင်းပတ်ဝန်းကျင်တွင် မီးလောင်စေနိုင်သောလောင်စာများမရှိအောင် သန့်ရှင်းရေးဆောင်ရွက်ထားခြင်း ရှိ၊ မရှိနှင့် အရေးပေါ်မီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများ အသင့်အနေအထား အသုံးပြု၍ ရ၊ မရ၊ ရေလှောင်ကန်များတွင် ရေဖြည့်တင်းဆောင်ရွက်ထားမှု ရှိ၊ မရှိစသည့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၄၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## ပျဉ်းမနားမြို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၅ ရက် ညနေ ၅နာရီ ၄၀ မိနစ်တွင် သက်သေများနှင့်အတူ ပျဉ်းမနားမြို့၊ ဘောဂသီရိရပ်ကွက်ရှိ ကားဂိတ်တွင် အိုက်ဆမ်နှင့် မစုစုထိုက်ဆိုသူတို့အား မော်တော်ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၄င်းတို့သယ်ဆောင်လာသည့် ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀၀ ပြား၊ ဘိန်းဖြူအလေးချိန် ၁ ဒသမ ၁ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အိုက်ဆမ်(၆၄)နှစ်နှင့် မစုစုထိုက်(၃၂)နှစ်ဆိုသူတို့အား သာဝတ္ထိနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## စစ်ကိုင်း - မန္တလေး - မုံရွာလမ်းမပေါ် ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**စစ်ကိုင်း နိုဝင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ရွာထောင်ရပ်ကွက်၊ စစ်ကိုင်း-မန္တလေး-မုံရွာလမ်းမပေါ်တွင် နိုဝင်ဘာ ၇ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။



NISSAN AD အမျိုးအစားယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားခြင်းဖြစ်ပြီး ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦးအနက် အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။

ယာဉ်တိမ်းမှောက်ကြောင်း သတင်းရရှိသဖြင့် စစ်ကိုင်းခရိုင်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီး၊ စစ်ကိုင်းမြို့နယ်မီးသတ်စခန်းမှ မီးသတ်စက်ယာဉ်တစ်စီး၊ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ အိုးဘိုလူမှုကူညီရေးအသင်းမှ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ထွက်ခွာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၉၄)

၀-၀-၀-၀-၀-၀-၀

မဆင်မခြင် မောင်းနှင်မှု အသက်ပေါင်းများစွာ အန္တရာယ်ပြု။

## ရပ်စောက်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၄ ရက် နံနက် ၁၀နာရီတွင် သက်သေများနှင့်အတူ ရပ်စောက်မြို့၊ ဗထူးရပ်ကွက်၊ ကျောက်ဂူ - ရပ်စောက်သွားကား လမ်းတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် အေးချမ်းမောင်ဆိုသူမောင်းနှင်ပြီး မနန်းဆိုင်မွန်းလိုက်ပါလာသည့် TOYOTA HARRIER အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေး ရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၆၁၀၀၀၀ပြားနှင့် လက်ကိုင်ဖုန်း သုံးလုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အေးချမ်းမောင်(၂၉)နှစ်နှင့် မနန်းဆိုင်မွန်း(၂၈)နှစ်ဆိုသူတို့အား တောင်ကြီးမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



# မြောက်ကိုရီးယားနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်ရန် ရုရှားသမ္မတ ပလာဒီမာပူတင် ဥပဒေအတည်ပြုပြဋ္ဌာန်း

**မော်စကို နိုဝင်ဘာ ၁၀**

ရုရှားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံ ကာကွယ်ရေး အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရန် ရုရှားသမ္မတ ဗလာဒီမာပူတင် နိုဝင်ဘာ ၉ ရက်က ဥပဒေ အတည်ပြုပြဋ္ဌာန်းလိုက်ပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



ယခုနှစ် ဇွန် ၂၉ ရက်က မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့တော်သို့ အလည်အပတ်ရောက်ရှိစဉ် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် မြောက်ကိုရီးယား ခေါင်းဆောင် ကင်မ်ဂျောင်အွန်းတို့နှစ်ဦး လက်မှတ်ရေးထိုးခဲ့သော နှစ်နိုင်ငံ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်အပေါ်အခြေခံ၍ ရုရှားဥပဒေပြုအမတ်များက ဥပဒေကြမ်းရေးသားခဲ့ကြသည်။

ယခင်အပတ်က ယင်းဥပဒေကြမ်းကို ရုရှားအထက်လွှတ်တော်တွင် မဲခွဲဆုံးဖြတ်အတည်ပြုခဲ့ပြီးနောက် သမ္မတ ဗလာဒီမာပူတင်က လက်မှတ်ရေးထိုးပြဋ္ဌာန်းပေးလိုက်ခြင်းပင်ဖြစ်သည်။

အဆိုပါဥပဒေ မပြဋ္ဌာန်းမီကတည်းကပင် မြောက်ကိုရီးယားနှင့် ရုရှား နှစ်နိုင်ငံ ကာကွယ်ရေးပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယူကရိန်းသမ္မတ ဇေလင်စကီး၏ ပြောကြားချက်အရ ရုရှားနိုင်ငံတွင် မြောက်ကိုရီးယားတပ်ဖွဲ့ဝင်ပေါင်း ၁၁၀၀၀ ရှိနေပြီဖြစ်ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ




## ဒေါ်နယ်လ်ထရမ့်၏ ကိုယ်ပိုင်အင်တာနက်လူမှုကွန်ရက် ရှယ်ယာဈေးနှုန်းမြင့်တက်နေသော်လည်း ရောင်းမည်မဟုတ်

**ဝါရှင်တန် နိုဝင်ဘာ ၁၀**

ဒေါ်နယ်လ်ထရမ့်၏ ကိုယ်ပိုင် အင်တာနက်လူမှုကွန်ရက်ဖြစ်သော ထရုသ်ဆိုရှယ်၏ အစုရှယ်ယာဈေးနှုန်းမြင့်တက်နေသော်လည်း ထုတ်ရောင်းမည်မဟုတ်ဟု ထရမ့်မီဒီယာနှင့် နည်းပညာအုပ်စုက နိုဝင်ဘာ ၉ ရက်တွင် ထုတ်ပြန်ကြေညာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နိုဝင်ဘာ ၈ ရက်က ထိုလူမှုကွန်ရက်၏ အစုရှယ်ယာဈေးနှုန်းသည် ၃၁ ဒသမ ၉၁ ဒေါ်လာမှ ၃၃ ဒသမ ၀၃ ဒေါ်လာသို့ ရောက်ရှိကာ ၁၅ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ထိုသို့မြင့်တက်လာပြီးနောက် ရှယ်ယာများကို ထုတ်ရောင်းတော့မည်ဟူသော သတင်းများပေါ်ထွက်လာသဖြင့် မူလပိုင်ရှင် ဒေါ်နယ်လ်ထရမ့်ကိုယ်တိုင် ယင်းထရုသ်ဆိုရှယ်လူမှုကွန်ရက်တွင် စာရေးသားပြီး မဟုတ်မှန်ကြောင်း ငြင်းဆိုခဲ့ရသည်။

ဒေါ်နယ်လ်ထရမ့်အနေဖြင့် ထိုလူမှုကွန်ရက်ထဲတွင် အစုရှယ်ယာ ၁၁၅ သန်းခန့် ပိုင်ဆိုင်ပြီး ကျန် ၅၃ ရာခိုင်နှုန်းကို ထရမ့်မီဒီယာလုပ်ငန်းတွင် ဆတိုးပွားမြှုပ်နှံထားကြောင်း သိရသည်။

**Mon**

## တရုတ်ဒုတိယဝန်ကြီးချုပ် တင်းရွှယ်ရှိုင်း စင်ကာပူနိုင်ငံသို့ အလည်အပတ်သွားရောက်

**စင်ကာပူ နိုဝင်ဘာ ၁၀**

တရုတ်ဒုတိယဝန်ကြီးချုပ် တင်းရွှယ်ရှိုင်း နိုဝင်ဘာ ၁၀ ရက်က စင်ကာပူနိုင်ငံသို့ အလည်အပတ်သွားရောက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ကောင်စီ အကြိမ်(၂၀) မြောက်အစည်းအဝေးတွင် စင်ကာပူဒုတိယဝန်ကြီးချုပ်၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ဂန်ကင်မ်ယုန်းနှင့် ၎င်းတို့နှစ်ဦး ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်မည်ဟု ဆိုသည်။

တရုတ်ဒုတိယဝန်ကြီးချုပ် တင်းရွှယ်ရှိုင်းအနေဖြင့် စင်ကာပူနိုင်ငံသို့ ပထမဆုံးအကြိမ် တရားဝင်အလည်အပတ်သွားရောက်ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



## တရုတ်နိုင်ငံ၏စားသုံးသူဈေးနှုန်းအညွှန်းကိန်းပမာဏ အောက်တိုဘာလက မြင့်တက်ပြီး အခြေအနေကောင်း



**ပေကျင်း နိုဝင်ဘာ ၁၀**

တရုတ်နိုင်ငံ၏ စားသုံးသူဈေးနှုန်း အညွှန်းကိန်းပမာဏ အောက်တိုဘာလက မြင့်တက်ပြီး လက်ရှိအခြေအနေကောင်းမွန်နေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စက်တင်ဘာလက တွက်ချက်သိရှိရသော ပမာဏထက် အနည်းငယ်မြင့်တက်ခဲ့ရာ နှစ်ကုန်ပိုင်းတွင် ရလဒ်ကောင်းထွက်ပေါ်လာမည်ဟု မျှော်လင့်ရကြောင်း အမျိုးသားစာရင်းအင်းဌာနက အစီရင်ခံတင်ပြသည်။

ယခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စုအပါအဝင် အနောက်အုပ်စုဝင်နိုင်ငံများ၌ ငွေကြေးဖောင်းပွမှုပြဿနာကြုံတွေ့နေရချိန်တွင် တရုတ်နိုင်ငံတွင်လည်း အလားတူပြဿနာကြုံတွေ့မလာစေရန် စီမံဆောင်ရွက်ခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ ယခုနှစ် တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှု ၅ ရာခိုင်နှုန်းခန့် ရှိလိမ့်မည်ဟု မိမိယုံကြည်မျှော်လင့်ကြောင်း ဝန်ကြီးချုပ် လီချိုင်းက ထုတ်ဖော်ပြောကြားသည်။

ငွေကြေးဖောင်းပွမှုကို ထိန်းညှိရန် တရုတ်နိုင်ငံ၌ စက်တင်ဘာလတွင် ဘဏ်အတိုးနှုန်းများ လျှော့ချခြင်း၊ အိမ်ခြံမြေဝယ်ယူသူများကို ဖြေလျှော့ပေးခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

**Mon**

## စပိန်နိုင်ငံအရှေ့ပိုင်း ဗလင်စီယာမြို့လယ်တွင် ရေဘေးနှင့်ပတ်သက်၍ လူသိန်းနှင့်ချီ ဆန္ဒပြ

**မက်ဒရစ် နိုဝင်ဘာ ၁၀**

စပိန်နိုင်ငံအရှေ့ပိုင်း ဗလင်စီယာမြို့လယ်တွင် နိုဝင်ဘာ ၉ ရက်က ရေဘေးနှင့်ပတ်သက်၍ လူသိန်းနှင့်ချီ၍စုဝေးကာ အစိုးရကို ဆန္ဒပြခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဗလင်စီယာမြို့နှင့် အနီးပတ်ဝန်းကျင်တွင် မကြာသေးမီက ဖြစ်ပွားသော မိုးသည်းထန်ရေကြီးမှု၌ ဒေသခံများကို အစိုးရက ကောင်းစွာ ကာကွယ်စောင့်ရှောက်ခြင်းမရှိခဲ့ဟု စွပ်စွဲပြီး မကျေမနပ်ဖြစ်ကာ ထိုသို့ဆန္ဒပြခြင်းဖြစ်သည်။

ထိုရေကြီး၊ မြေပြိုမှုကြောင့် စပိန်နိုင်ငံ ဗလင်စီယာဒေသတွင် လူပေါင်း ၂၁၂ ဦး သေဆုံးကာ ၈၀ ဦးခန့် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။ **Mon**






အင်ဒိုနီးရှားနိုင်ငံရှိ လေဝိုတိုဘီလာကီလာကီမီးတောင် ပေါက်ကွဲရာမှ ကောင်းကင်ယံသို့ မီးခိုးငွေ့များ တလိပ်လိပ်တက်လာသည်ကို နိုဝင်ဘာ ၉ ရက်တွင် အဝေးမှ မြင်တွေ့ရစဉ်။

**Mon**

## အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ဂါဇာကမ်းမြောင်အနှံ့အပြား၌ လူ ၄၀ ဦး သေဆုံး

**ဂျေရုဆလင် နိုဝင်ဘာ ၁၀**

အစ္စရေးတပ်ဖွဲ့ဝင်များ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်ဒေသအနှံ့အပြား၌ နိုဝင်ဘာ ၉ ရက်က လူ ၄၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အကြမ်းဖက်သမားများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်ဟု အစ္စရေးဘက်က ဆိုသော်လည်း စင်စစ်တွင် ပါလက်စတိုင်းအရပ်သားများ သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ဟားမတ်စ်တို့ဘက်က သတင်းထုတ်ပြန်သည်။

နိုဝင်ဘာ ၉ ရက်က ဂါဇာစစ်ပွဲ ရက် ၄၀၀ ပြည့်မြောက်ခဲ့ပြီး ထိုနေ့တွင် စာရင်းချုပ်ရာမှ ပေါ်ထွက်လာသော ရလဒ်အရ ထိုစစ်ရေးပဋိပက္ခတွင် ပါလက်စတိုင်း ၄၃၅၅၂ ဦး သေဆုံးကာ ၁၀၂၇၆၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုသည်။



စစ်ဘေးကြောင့် ဂါဇာကမ်းမြောင်တွင် သေဆုံးခဲ့ရသူအားလုံး၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကလေးသူငယ်များနှင့် အမျိုးသမီးများဖြစ်သည်ဟု ကုလသမဂ္ဂ လူ့အခွင့်အရေးရုံးက ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

**Mon**

# နိုင်ငံတကာ အားကစား သတင်းများ

## အီကာဒီ ဒူးအရွတ်ဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိ

**လန်ဒန် နိုဝင်ဘာ ၁၀**

ဂါလာတာစာရေးအသင်း တိုက်စစ်မှူး အီကာဒီ ဒူးအရွတ်ဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိသည်။ **(ယာပုံ)**

အဆိုပါ တိုက်စစ်မှူးသည် ယူရိုပါလိဂ်ပွဲစဉ်အဖြစ် ဂါလာတာစာရေးအသင်းက စပါးအသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ပြီး ထမ်းစင်ဖြင့် ကွင်းအတွင်းမှ ထွက်ခွာခဲ့ရသည်။

တိုက်စစ်မှူး အီကာဒီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဂါလာတာစာရေးအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၃၁)နှစ်အရွယ်ရှိ တိုက်စစ်မှူး အီကာဒီသည် ဂါလာတာစာရေးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၇ ပွဲကစားပြီး ၆၁ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(NGB)**





## 2024 Moselle Open ချန်ပီယံဆုကို Benjamin Bonzi ဆွတ်ခူး

**မက်ဇ် နိုဝင်ဘာ ၁၀**

ပြင်သစ်နိုင်ငံ၊ မက်ဇ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Moselle Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အိမ်ရှင်ပြင်သစ်တင်းနစ်ကစားသမား Benjamin Bonzi က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အိမ်ရှင်ပြင်သစ်တင်းနစ်ကစားသမား Benjamin Bonzi သည် 2024 Moselle Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ အဆင့်တွင် ဂရိတ် ဗြိတိန်တင်းနစ်ကစားသမားCameron Norrie အား ၇-၆၊ ၆-၄ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ Benjamin Bonzi က '2024 Moselle Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေနဲ့ နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ' ဟု ပြောသည်။ **(အပေါ်ပုံ)** **(NGB)**

## အလက်ခ်ဆန်းဒါးကိုလာရော့ဗ် ဆားဘီးယား ယူ-၂၁ အသင်းနည်းပြအဖြစ် ခန့်အပ်ခြင်းခံရ

**လန်ဒန် နိုဝင်ဘာ ၁၀**

ရိုးမား၊ အင်တာမီလန်၊ လာဇီယိုအသင်း ဝါရင့် နောက်ခံကစားသမား အလက်ခ်ဆန်းဒါးကိုလာရော့ဗ်သည် ဆားဘီးယား ယူ-၂၁အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

လက်ခ်ဆန်းဒါးကိုလာရော့ဗ်သည် ကစားသမားဘဝမှ



အနားယူပြီးနောက် နည်းပြလောကသို့ ပထမဆုံးအကြိမ် ခြေချခဲ့ခြင်းဖြစ်သည်။

ဆားဘီးယားဘောလုံးအဖွဲ့ချုပ်ကလည်း အလက်ခ်ဆန်းဒါးကိုလာရော့ဗ်သည် ယူ-၂၁အသင်းအား အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် နည်းပြအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၃၈)နှစ်အရွယ်ရှိ အလက်ခ်ဆန်းဒါးကိုလာရော့ဗ်က 'ဆားဘီးယား ယူ-၂၁အသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ တာဝန်ရှိသူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်' ဟု ပြောသည်။ **(ဝဲပုံ)** **(NGB)**

## နူနိုဆန်းတို့စ်အား စာချုပ်သက်တမ်းတိုးရန် နော်တင်ဟမ်ဖော့ရက်စ်အသင်း စီစဉ်

**လန်ဒန် နိုဝင်ဘာ ၁၀**

နော်တင်ဟမ်ဖော့ရက်စ်အသင်းသည် အသင်းနည်းပြ နူနိုဆန်းတို့စ်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အဆိုပါ နည်းပြသည် နော်တင်ဟမ်ဖော့ရက်စ်အသင်းအား ၂၀၂၃ခုနှစ် ဒီဇင်ဘာ ၂၀ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၃၇ပွဲတွင် ၁၂ပွဲနိုင်၊ ၁၂ပွဲသရေ၊ ၁၃ပွဲရှုံး ရလဒ်ဖြင့် ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

နော်တင်ဟမ်ဖော့ရက်စ်အသင်းထုတ်ပြန်ချက်တွင် 'နူနိုဆန်းတို့စ်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် နည်းပြကောင်းတစ်ဦးပါ။ သူ့အနေနဲ့လည်း အသင်းကို ယခုထက်ပိုမိုကောင်းမွန်အောင် စွမ်းဆောင်နိုင်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ' ဟု ထုတ်ပြန်သည်။ **(အောက်ပုံ)(NGB)**



## ကာကက်ဇ်အား ခေါ်ယူရန် လီဗာပူးအသင်း စီစဉ်

**လန်ဒန် နိုဝင်ဘာ ၁၀**

လီဗာပူးအသင်းသည် ဘုန်းမောက်အသင်း နောက်ခံကစားသမား ကာကက်ဇ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၀)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၂ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းကလည်း ကာကက်ဇ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဘုန်းမောက်အသင်းထံမှ ကာကက်ဇ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)** **(NGB)**



## ဆာလာ သွင်းဂိုးနှင့် ဂိုးပန်တီးမှု (၁၀)ကြိမ်စီပြုလုပ်နိုင်သည့် ပထမဆုံးပရီးမီးယားလိဂ်ကစားသမားအဖြစ် မှတ်တမ်းဝင်

**လန်ဒန် နိုဝင်ဘာ ၁၀**

လီဗာပူးအသင်းနှင့် အီဂျစ် ဝါရင့်တိုက်စစ်မှူး ဆာလာသည် ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ သွင်းဂိုးနှင့် ဂိုးဖန်တီးမှု (၁၀)ကြိမ်စီပြုလုပ်နိုင်သည့် ပထမဆုံး ပရီးမီးယားလိဂ် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လီဗာပူးအသင်းက အေဗီလာအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးသွင်းယူခဲ့သလို၊ ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဆာလာသည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၆၆ပွဲကစားပြီး ၂၂၁ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဆာလာက 'ကျွန်တော် အခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို မှတ်တမ်းတွေနဲ့ အသင်းအောင်မြင်မှုများရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ' ဟု ပြောသည်။ **(အောက်ပုံ)(NGB)**



## အမ်ဘူမိုအား စတာလင်ပေါင် သန်း ၅၀ဖြင့် ကမ်းလှမ်းရန် နယူးကာဆယ်အသင်းစီစဉ်

**လန်ဒန် နိုဝင်ဘာ ၁၀**

နယူးကာဆယ်အသင်းသည် ဘရန့်ဖို့ဒ်အသင်းတိုက်စစ်မှူး အမ်ဘူမိုအား စတာလင်ပေါင် သန်း ၅၀ဖြင့် ကမ်းလှမ်းရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘရန့်ဖို့ဒ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၁၁ပွဲကစားပြီး ၅၈ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဘရန့်ဖို့ဒ်အသင်းကလည်း နယူးကာဆယ်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။ **(ဝဲပုံ)**



ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဘရန့်ဖို့ဒ်အသင်းထံမှ တိုက်စစ်မှူး အမ်ဘူမိုအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## မီလီတို တံကောက်ကြောဒဏ်ရာ ပြင်းထန်စွာရရှိခဲ့ခြင်းကြောင့် လပေါင်းများစွာအနားယူရမည်



**လန်ဒန် နိုဝင်ဘာ ၁၀**

ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစားသမား မီလီတို တံကောက်ကြောဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ခြင်းကြောင့် လပေါင်းများစွာ အနားယူသွားရဦးမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းက အိုဆာဆူနာအသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ခြင်းဖြစ်သည်။

မီလီတို ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်း ခံစစ်ပိုင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမား မီလီတိုသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၂ပွဲကစားပြီး ၁၂ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(ဝဲပုံ)(NGB)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း အမိနိုင်ငံတော်အတွက် စွမ်းဆောင်ကြိုးပမ်းခဲ့မှုနှင့် ပြည်သူတို့၏ လှိုက်လှဲစွာ ကြိုဆိုနေမှုမြင်ကွင်းပုံရိပ်များ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ထိပ်သီးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang က ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang တို့ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E.Mr. Hun Manet တို့ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပေါလစ်ဗျူရိုအဖွဲ့ဝင်၊ ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး Mr.Yuan Jiajun တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




(၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဗွီ)ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၁)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဗွီ)ထိပ်သီးအစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ Weima လယ်ယာစက်မှုထုတ်ကုန်ကုမ္ပဏီမှ ထုတ်လုပ်ထားရှိသည့် လယ်ယာလုပ်ငန်းသုံး ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Zhongyue Aviation UAV Firefighting-Drone Co.,Ltd. မှ ထုတ်လုပ်ထားသော လူမှုကယ်ဆယ်ရေးလုပ်ငန်းများတွင်အသုံးပြုသည့် အဆင့်မြင့်ဒရုန်းများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်၌ တရုတ်ရိုးရာ နဂါးနှင့်ခြင်္သေ့အကအဖွဲ့တို့ဖြင့် ဂုဏ်ပြုကြိုဆိုနေစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်၌ တိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာ သောင်းသောင်းဖြဖြကြိုဆိုနေစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် တိုင်းရင်းသားပြည်သူလူထုက အားပေးထောက်ခံဂုဏ်ပြုကြိုဆိုနေစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်၌ တိုင်းရင်းသားပြည်သူများက လှိုက်လှဲနွေးထွေးစွာ သောင်းသောင်းဖြဖြကြိုဆိုနေစဉ်။

# နေလုံးနှင့် လမ်းလျှောက်သူများ

လူပြာထက်

ဝတ္ထုတိုကဏ္ဍ



မည်သူကမျှ မစေခိုင်းဘဲ အရှေ့ရပ်က နေလုံးကြီးသည် ရဲရင့်ခြင်း သင်္ကေတဖြင့် 'မင်္ဂလာပါ'ဟု နှုတ်ခွန်းဆက်နေသယောင် ကမ္ဘာမြေပေါ် အနုဆုံးအရောင်တွေ ခြယ်သ၊ အနွေးဆုံးအလင်းတွေ ထွန်းလင်းဖြာကျလို့နေသည်။

ဤသည်ကား ဆောင်းကာလများတွင် လမ်းလျှောက်ထွက်တိုင်း ရင်ထဲက တီးတိုးတင်စားမိသော နေမင်းကြီး၏ အလှပင်တည်း။ 'တစ်ညလုံး ပူအိုက်နေတာပဲ။ မီးကမလာ၊ မီးစက်ကလည်း မရှိ၊ မီးစက်ရှိလည်း အခုခေတ် ဆီဖိုးနဲ့ မလွယ်ပါဘူး၊ အစစအရာရာ ကုန်ဈေးနှုန်းတွေကကြီးနေတာ။ ဆိုလာ(Solar)ပြားလည်း အနားမကပ်နိုင်သေးဘူးတော်' ဒေါ်လွင်လွင်က စောစောစီးစီး ညည်းညူနေသော သမီးဖြစ်သူကို တစ်ချက်လှမ်းကြည့်ပြီး 'ညကဖြင့်အေ ညည်းသားကို ယပ်ခတ်ပေးရင်း မိုးလင်းရတာပဲ။ ပူလွန်းလို့ အမေတော့ အိပ်မပျော်ပါဘူးအေ'

ဒေါ်လွင်လွင်တစ်ယောက် 'ဒေါ်လွင်လွင်' ဆိုသော နာမည်ဖြင့် လိုက်ဖက်အောင်ပင် အသံလေးတလွင်လွင်နှင့် သမီးဖြစ်သူ မမြခြယ်ကို အိပ်မပျော် အိုက်စပ်ရင်း ညဥ့်၏လေပြည်ကို မျှော်လင့်ရသော နွေတစ်ညအကြောင်းကို ပြန်လည်ဖွင့်ဟလို့နေသည်။

သို့သော်လည်း ကုသိုလ်နံနက်ခင်းဖြစ်ဖို့ ယခင်နံနက်ခင်းများလိုပင် ဘုရားမျက်နှာတော်ရေကပ်၊ သောက်တော်ရေကပ်၊ ဆွမ်းတော်ကပ်၊ ဘုရားကန်တော့ပြီး (၃၁)ဘုံ အလုံးစုံသော သတ္တဝါအပေါင်းကို အမျှပေးဝေကာ ဒေါ်လွင်လွင်တို့ မြေးအဘွားသုံးယောက် နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိပြီဖြစ်သော မယ်ဇယ်တန်းလမ်းမကြီးပေါ်မှ ဦးပိန်တံတားဘက်ဆီသို့ လမ်းလျှောက်ထွက်လာခဲ့ကြသည်။

လူသားတိုင်းအတွက် ကျန်းမာရေးသည် အရေးကြီးဆုံး မဟုတ်ပါလား။ ဒေါ်လွင်လွင်နှင့်အတူ သမီးဖြစ်သူ မမြခြယ်၊ မြေးဖြစ်သူ မောင်ကောင်းဇော်တို့သည် မနက်တစ်ကြိမ်၊ ညနေ တစ်ကြိမ်၊ ဦးပိန်တံတား အရှေ့ဘက်ထိပ်ထိ လမ်းလျှောက်ထွက်နေကြဖြစ်သည်။ မြန်မာနိုင်ငံ၏ ၂၆၁၂၂၈ စတုရန်းမိုင် ဧရိယာအကျယ်အဝန်းထဲမှာရှိသော အမရပူရမြို့သည် သမိုင်းဝင်မြို့တစ်မြို့လည်း ဖြစ်သည်။ ဦးပိန်တံတားလို့ ပြောလိုက်သည်နှင့် အမရပူရမြို့ကို ကမ္ဘာလှည့်ခရီးသွားဧည့်သည်များကအစ သိကြသည်။ ဒေါ်လွင်လွင်တို့ အိမ်လေးသည် ဦးပိန်တံတားနှင့် မနီးမဝေးဖြစ်သည်။

ဦးပိန်တံတားသို့မရောက်မီ အမရပူရထွက် လွန်းရာကျော် ပိုးထည်ရောင်စုံချိတ်ထဘီ၊ ပုဆိုး၊ လုံချည်ဆိုင်များ၊ အမှတ်တရပစ္စည်းဆိုင်များ၊ စားသောက်ဆိုင်များက ဧည့်သည်များကို ဆီးကြိုနေသည်။မနက်ခင်း ခပ်စောစောဖြစ်၍ထင့်၊ ကိုယ်လက်လေ့ကျင့်ခန်းလုပ်ရင်း လမ်းလျှောက်ထွက်ကြသည့် မြို့ခံများနှင့် အဝေးဧည့်သည်များ အနည်းအကျဉ်းသာ ရောက်သေးသည်။

ဒေါ်လွင်လွင်တို့ မြေးအဘွားသုံးယောက်၏နံဘေးမှ အသက် (၆၀) ကျော်အရွယ်၊ အသားအရေခပ်လတ်လတ် အရပ်က မနိမ့်မမြင့်လူကြီးတစ်ယောက်သည် စားသောက်ဆိုင်၏ မြောက်ဘက်ရှိ ကားရပ်နားကွင်းဆီသို့ ရေးကြီးသုတ်ပျာလျှောက်နေသည်ကို ဒေါ်လွင်လွင် သတိထားကြည့်မိသည်။

ကားရပ်နားကွင်းအရောက် လွယ်အိတ်ကို စလွယ်သိုင်းထားသည့် အသက် (၃၀)ကျော်အရွယ် ကောင်လေးက 'ဩော် ဦးလေး ပြန်လာမှာပဲဆိုပြီး ကျွန်တော်လည်း စောင့်နေတာ' ကားတွေအပ်တာလက်ခံရင်း ကောင်လေးက ပြောလိုက်သည်။'အေးကွာ ငါ့တူရာ၊ ဦးလေး ပိုက်ဆံအိတ်ပါမလာလို့ ပြန်လှည့်လာတာ' အသက်(၆၀)ကျော် လူကြီးက ပြန်ပြောလိုက်သည်။ 'ဟုတ်တယ် ဦးလေး ကားအပ်၊ ကားတံခါးပိတ်ပြီး အထွက်၊ ပိုက်ဆံအိတ်ကျနေခဲ့လို့ သိမ်းပေးထားတယ်' လူကြီး၏မျက်နှာမှာ တိမ်မည်းတွေအောက်မှ ပေါ်ထွက်လာသော လမင်းကြီးနှယ် ဝင်းကနဲ လက်သွားသည်။ 'ဦးလေး ပိုက်ဆံအိတ်ထဲမှာ ယာဥ်မောင်းလိုင်စင်ကတ်၊ နိုင်ငံသားစိစစ်ရေးကတ်ရယ်၊ အငြိမ်းစားဝန်ထမ်းကတ်လည်းပါတယ် စစ်ကြည့်ပါဦး' ပြောပြောဆိုဆို ကောင်လေးက လူကြီး၏ ပိုက်ဆံအိတ်ကို ပြန်ပေးလိုက်သည်။ ပိုက်ဆံအိတ်ပြန်ရသည်နှင့် လူကြီးက 'အေးကွာ ငါ့တူကို ဦးလေးက လိုက်လိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်။ ပါးစပ်နဲ့ ကျေးဇူးတင်ရုံ ဘယ်ပြီးမလဲကွာ လက်ကပါ ကျေးဇူးဆပ်ရမှာပေါ့' ဟု ပြောလျက် သူ့ပိုက်ဆံအိတ်ထဲက တစ်သောင်းတန် ဘယ်နှရွက်မှန်းတော့မသိ၊ ကောင်လေးကို ထုတ်ပေးနေသည်။ ထိုမြင်ကွင်းကို အစ အဆုံးတွေ့မြင်ရသော ဒေါ်လွင်လွင်တို့ မြေးအဘွားသုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ နားလည်သော မျက်လုံးများဖြင့် ကိုယ်စီ ပီတိအပြုံးများ ဝေသွားတော့သည်။

ကဆုန်လ၏ နွေအပူရှိန်သည် ပြင်း၏။ ခြောက်၏။ သွေ့၏။ နံနက်အိပ်ရာနိုးစအချိန်တွင်ပင် အနည်းငယ် လှုပ်ရှားလိုက်သည်နှင့် ချွေးတို့သည် တစ်ပြိုက်ပြိုက်၊ သည်လို အချိန်မျိုးမှာဖြင့် နေလုံးကြီးသည် ကမ္ဘာမြေပြင်နှင့် အနီးဆုံးလများ ဖြစ်နေ၍လား မသိ၊ စောစောကကဲ့သို့ အနုဆုံး၊ အနွေးဆုံး အရောင်များ၊ အလင်းများ မဟုတ်တော့။ အကြမ်းဆုံးအရောင်များ၊ အရမ်းဆုံး အပူများဟုပင် ဆိုချင်ပါတော့သည်။

နေ့တစ်နေ့၏ အချိန်နာရီတို့သည် နွေ၊ မိုး၊ ဆောင်းမရှိ၊ ဗီဇာမလို၊ နိုင်ငံရပ်ခြားမထား၊ ဖြတ်သန်းခုတ်မောင်းနေသည်။ ညနေခင်း နေရောင်သည်လည်း ကြမ်းချင်တိုင်း ကြမ်း၍ အနည်းငယ် အားလျော့လာပြီ ဖြစ်သည်။ရင့်ရော်ဆိုတာ ဒါကိုများ ဆိုသည်လား။ ဟုတ်သည်။ နေရောင်သည် တစ်နေ့လုံး ကြမ်းရမ်းရင့်သီးရာမှ ညနေပိုင်းဝယ် တဖြည်းဖြည်း လျော့၍ ရော်လာသည် မဟုတ်ပါလား။ နေမင်း၏ အရောင်များ ရင့်ရော်ချိန်တွင် အဝတ်အထည်ဆိုင်များ၊ အမှတ်တရပစ္စည်းများထက် စားသောက်ဆိုင်များမှာ နိုင်ငံခြား ဧည့်သည်များ၊ အဝေးဧည့်သည်များဖြင့် ပိုမို၍ စည်ကားနေတော့သည်။

မြန်မာနိုင်ငံအရပ်ရပ်မှ ထင်ရှားကျော်ကြားတဲ့ သမိုင်းပညာရှင်များ၊ စာပေအနုပညာရှင်များ၏ အထိမ်းအမှတ်များစွာ တစ်စုတစ်ဝေးတည်း တည်ရှိရာ တောင်လေးလုံးကျောင်းတိုက် ပရိဝုဏ်အတွင်းရှိ သူဌေးဘုရားစေတီမှ ဆည်းလည်းသံက ဆွတ်ပျံ့လို့နေသည်။ဒေါ်လွင်လွင်တို့ မြေးအဘွားသုံးယောက်လည်း ဦးပိန်ညနေခင်း၏ လေပြည်၊ လေညင်းကို ခံစားရင်း လမ်းလျှောက်လာကြသည်။ တံတားပေါ်အရောက် အလယ်ဇရပ်တွင် အနားယူရန် ခုံတန်းလျားတွင် ဝင်ထိုင်ကြသည်။ ဒေါ်လွင်လွင်သည် တောင်သမန်အင်း ရေပြင်ထဲရှိ ဗေဒါပင်များပေါ်မှ ဗျိုင်းဖြူနှစ်ကောင် ထပျံသန်းသွားသည့် အလှတရားကို ကြည့်နေစဉ် ဦးပိန်တံတား အရှေ့ထိပ်မှ အသက်နှစ်ဆယ်ကျော်အရွယ် စုံတွဲတစ်တွဲသည် လက်ချင်းတွဲလျက် လျှောက်လာကြသည်ကို လှမ်းမြင်နေရသည်။ လွတ်လပ်ပေါ့ပါးသော ခြေလှမ်း၊ ပန်းနုရောင်သန်းနေသော အပြုံးမျက်နှာတို့သည် 'ကျွန်တော်တို့က ချစ်သူတွေ'ဟု ကြွေးကြော်နေသယောင် ဖြစ်သည်။

ဇရပ်ဆောင်ထဲတွင် ထိုင်နေသူများမှာ အရောင်အသွေးစုံလှသည်။ ကောင်လေးနှင့် ကောင်မလေးသည် လစ်လပ်နေသော ဒေါ်လွင်လွင်၏ နံဘေးတွင် ဝင်ထိုင်ကြသည်။ သမီးရည်းစားများအဖို့ တောင်သမန်အင်းရေပြင်ပေါ်ရှိ လွန်းကြင်ငှက် သဏ္ဍာန်လှေကလေးများသည် ကြည်နူးစရာ၊ ကောင်းကင်ယံထက် ရှေ့နောက်တန်းစီကာ အုပ်လိုက် အုပ်လိုက် ပျံသန်းသွားသော ငှက်ကလေးများကလည်း ငေးမောစရာ၊ ကြည်လင်စိမ်းမြနေသော ရေထဲက တိမ်ရိပ်တို့အောက် ကူးခတ်နေသည့် ငါးလေးများသည်လည်း ချစ်စဖွယ်၊ အိုထိတွေ့ကြည့်ရှုရသမျှတို့သည် 'ဦးပိန်ကဗျာ'ဟုပင် တင်စားရမလို နူးညံ့အိညက်နေသည်။

'သမီးရည်းစားများ လက်တွဲပြီး ဦးပိန်တံတားအစအဆုံးလျှောက်လျှင် မကွဲဘူး' ဆိုသည့် စကားသည် ဟုတ်သည် မဟုတ်သည် မသိ၊ လူငယ်များကြားတွင် ရေစီးအသန်ဆုံး မြစ်တစ်စင်းဖြစ်သည်။ ထို့ကြောင့်ပင် ထင်၏။ကောင်လေးနှင့် ကောင်မလေးသည် တစ်ယောက်ကို တစ်ယောက် ပွေးလျက်၊ ကပ်လျက်၊ ယှဉ်လျက် မျက်လုံးချင်းပင် မခွာနိုင်၊ ထိုင်ရာမှထကာ တံတားအနောက်ထိပ်ဆီသို့ လျှောက်သွားကြသည်။ မဆီမဆိုင် 'ခလုတ်တိုက်ဦးမယ်' ဟုပင် စိတ်ထဲမှ သတိပေးချင်နေမိသည်။ ပြီးတော့ ကိုယ့်ဘာသာ ပြုံးမိသည်။

ဒေါ်လွင်လွင်တစ်ယောက်ပစ္စုပ္ပန်မှသည် အတိတ်ဆီသို့ တဒင်္ဂအတွင်းမှာ တစ်ခဏလေးပြန်သွားလိုက်မိသည်။ ဤသည်ကို သတိရ၍ ပြုံးလိုက်မိခြင်း ဖြစ်သည်။

ကောင်လေး၏ ပိုက်ဆံအိတ်သည် ဒေါ်လွင်လွင်ထိုင်နေသည့် နံဘေးတွင် မေ့ကျန်ခဲ့သည်။ အတိတ်နဲ့ ပစ္စုပ္ပန်ချည်မျှင်လွန်းကလေး ပြေးနေသည်မို့ ဒေါ်လွင်လွင်တစ်ယောက် မသိချေ။ မြေးလေးက 'ဘွားဘွားဘေးမှာ ပိုက်ဆံအိတ်' လို့ ပြောမှ သတိထားမိလိုက်သည်။ ချက်ချင်း မသိလိုက်၍ လှမ်းခေါ်လည်း မကြားနိုင်၊ ပြေးလိုက်ဖို့ရန်လည်း မလွယ်။ သူတို့ စုံတွဲ ပြန်လာမှာပဲဟူသော အတွေးဖြင့် သာ ကောက်သိမ်းလိုက်သည်။

ပြန်ပေးတဲ့အခါ စကားမများရရန် ပိုက်ဆံအိတ်ကို ဖွင့်ကြည့်မိသည်။ မှန်၏။ တချို့က မမေ့ဘဲ မေ့ချင်ယောင်ဆောင်သည်။ မပါသည့်အရာကို ပါသည်လုပ်၍ အစွပ်အစွဲပင် ခံရတတ်သည်ကို ကြားနေ၊ မြင်နေရသည် မဟုတ်ပါလား။ ထိုသို့ ဖွင့်ကြည့်ရာ ကောင်ကလေး၏ ပိုက်ဆံအိတ်ထဲတွင် ငါးထောင်တန်၊ တစ်သောင်းတန်အပြည့် ဖုန်းတစ်လုံးလည်း ပါသေးသည်။ ဖွင့်ကြည့်ပြီး သူတို့စုံတွဲပြန်အလာကို အသွင်သဏ္ဍာန်မတူညီသော ရှုခင်းများကိုကြည့်ရင်း ဒေါ်လွင်လွင်တို့ မြေးအဘွားသုံးယောက် စောင့်မျှော်နေကြသည်။

ဒေါ်လွင်လွင်တို့နှင့် မျက်နှာချင်း ဆိုင်ခုံတန်းလျားမှ မျက်နှာတစ်ပြင်လုံး နီမြန်းနေသည့် အသက်(၄၀)ကျော် အရွယ် အမျိုးသားသည် အမူးသမား ဖြစ်ဟန်တူသည်။ ပိုက်ဆံအိတ်ကို မြင်လိုက်သည်နှင့် မူးနေသောထိုသူသည် အမူးပြေသွားဟန်တူ၏။ ဒေါ်လွင်လွင် ပိုက်ဆံအိတ်ကောက်သိမ်းလိုက်သည်ကို ရီဝေနေသော မျက်လုံးဖြင့် စိမ်းစိမ်းစိုက်ကြည့်နေသည်။ အမူးသမားနှင့် မလှမ်းမကမ်းမှ ခပ်ပိန်ပိန် အရပ်ရှည်ရှည်၊ တစ်ရာဖိုးသုံးရုပ်ဟူသော မပီမသ တက်တူးများနှင့် အမျိုးသားကလည်း အိပ်ချင်မူးတူးအမူအရာဖြင့် ပါးစပ်က 'ဝါး'ကနဲ တစ်ချက် ဟားသန်းလိုက်၊ သူ၏ မျက်လုံးများက ပိုက်ဆံအိတ်ကို ကြည့်လိုက်၊ တစ်ခါ 'ဝါး'ကနဲ သန်းလိုက်၊ ပိုက်ဆံအိတ်ကို ကြည့်လိုက်နှင့်။ သူ ဟားသန်းနေခြင်းသည် အကျင့်ပါနေ၍ သန်းဟန် မဟုတ်ပါ။ မကြာမီ 'ဝါး' ကနဲ သန်းရင်း ဒေါ်လွင်လွင်ရှိရာ တစ်ဖက်ခုံတန်းလျားဘက်သို့ မသိမသာ ကူးပြောင်း၍ ထိုင်သည်။သားကောင်ကို မြင်၍ဝင်ဆွဲမည့် သားရဲတိရစ္ဆာန်ပမာ အခြေအနေကို စောင့်ကြည့်နေဟန် ဖြစ်သည်။

ဒေါ်လွင်လွင်တစ်ယောက် စိတ်မွှန်းကျပ်၍ မြေးနှင့် သမီးကိုပင် စကားမဆိုမိ၊ တိတ်ဆိတ်စွာ 'ကောင်လေးနှင့်ကောင်မလေး အမြန်ပြန်လာပါစေ' လို့ ဆုတောင်းနေမိသည်။

မည်မျှကြာသွားသည်မသိ၊ တံတားကြမ်းခင်းကို ခပ်ပြင်းပြင်းနင်းလျက် တံတားပေါ်ရှိ လူများကို အတင်းတိုးဝှေ့လျက် အပြေးလာနေသော ကောင်ကလေးကို မြင်လိုက်မှ ကိုယ်နှင့်စိတ် ပြန်ကပ်သွားဟန်တူသည်။ ရင်ထဲမှ မွန်းကျပ်မှုများလည်း ဟင်းကနဲ ထင်းကနဲပွင့်ကာ ခုမှပင် ဦးပိန်၏ လေနုအေးကို ပြန်လည် ခံစားမိတော့သည်။ ထိုကောင်လေးသည် လူများကို တိုးဝှေ့ရှောင်ကွင်းကာ စိတ်အလျင်က ပစ်လွှတ်လိုက်သော မြားတစ်စင်းနှယ် တန်းတန်းမတ်မတ် မိမိထံ ဦးတည်လာနေသည်ကို ဒေါ်လွင်လွင် လှမ်းမြင်နေရသည်။ကောင်ကလေးသည် ကသောကမျောဖြင့် 'ဒေါ်ကြီး‥ ဒေါ်ကြီး ကျွန်တော့် ပိုက်ဆံအိတ် ကျန်နေခဲ့လို့ပါ။ တွေ့များ တွေ့မိသေးလား' အမောပင် မဖြေနိုင်၊ နောက်ဆုံးမျှော်လင့်ချက် ချည်တစ်မျှင်ကို မရဲတရဲ လှမ်းဆွဲနေရသည့် မဝံ့မရဲ မျက်နှာပေးဖြင့် မေးနေရှာသည်။

'အေး ငါ့တူ ပြန်အလာကို စောင့်နေတာပဲ၊ ပိုက်ဆံအိတ်ကျန်ခဲ့တာ ချက်ချင်းမသိပေမယ့် သိသိချင်း လှမ်းခေါ်မယ်လုပ်တော့ ငါ့တူတို့က တော်တော်လှမ်းလှမ်းရောက်နေပြီ၊ လိုက်ပေးဖို့ကလည်း လူအုပ်ထဲဆိုတော့ မမီနိုင်ဘူးလေ၊ အဲဒါကြောင့် ထိုင်စောင့်နေလိုက်တာ' ဒေါ်လွင်လွင်က ပြောရင်း ကောင်လေးကို ပိုက်ဆံအိတ် ပြန်ပေးလိုက်သည်။ 'ငါ့တူ ပိုက်ဆံအိတ်ကို စစ်ကြည့်လိုက်ဦးနော်' ကောင်လေးက ပိုက်ဆံအိတ်ကို တစ်ချက်ဖွင့်ကြည့်ပြီး ဒေါ်လွင်လွင်၏ ရင်ခွင်ထဲတိုးဝင်ဖက်မတတ်။ 'ကျေးဇူးတင်လိုက်တာ ဒေါ်ကြီးရယ်၊ ကျေးဇူးတင်လိုက်တာ'ဟုသာ ထပ်တလဲလဲ ပြောနေရှာသည်။

ဦးပိန်တံတားပေါ်မှ ညနေဆည်းဆာအလှကို ကြည့်ရင်း ကောင်ကလေးသည် ပျံသန်းသွားသော လိပ်ပြာလေးတစ်ကောင်လို သူ့ကောင်မလေးဆီသို့ ပျော်လျက် မော်လျက် ပြေးလွှားပျံသန်းသွားတော့သည်။ ဒေါ်လွင်လွင်မှာမူ ခုမှပင် လေနုအေးကို ရှူရှိုက်ရမှန်း သိတော့သည်။

'ဘွားဘွား‥ဘွားဘွား ကျေးဇူးတင်ကြောင်းပဲ ပြောသွားတာ။ သားကိုတောင် မုန့်ဖိုးလေး ပေးမသွားဘူး။'မြေးဖြစ်သူက အမှတ်မထင်ပြောလိုက်သည်။ မြေးဖြစ်သူ၏ခေါင်းတွင် ဆံပင်တွေ ဖွာလန်ကြဲနေသဖြင့် ဒေါ်လွင်လွင်မှာ လက်ကလေးဖြင့် သပ်ရပ်အောင် အသာအယာ သပ်တင်ပေးရင်း 'သူ အပျော်လွန်ပြီး သားကို မုန့်ဖိုးပေးဖို့ မေ့သွားတာနေမှာပါကွယ်၊ အိမ်နားကျမှ ဘွားဘွားပဲ ဝယ်ကျွေးပါ့မယ်။ ကဲ ကဲ နေလည်း ဝင်တော့မယ် ပြန်ကြစို့နော်'ဟုဒေါ်လွင်လွင်တစ်ယောက် မြေးကို ချော့ရင်း သူ့သမီးလက်ကို တစ်ဖက်တစ်ချက်စီတွဲပြီး အိမ်ကို ပြန်ခဲ့ကြသည်။

ဒေါ်လွင်လွင်တစ်ယောက် အိမ်အပြန် ခြေလှမ်းတို့သည် ယခုမှပင် ကမ္ဘာမြေပေါ် ရဲဝံ့ယုံကြည်စွာ ချလှမ်းနေရသလို ခံစားနေမိသည်။ နေ့စဉ် ကမ္ဘာမြေပေါ်ခြေလှမ်းပေါင်းများစွာ ချနေရသော်လည်း ယခုလောက်တော့ အရသာမတွေ့သလိုပင်။ ကိုယ့်ကိုယ်ကိုယ် ခါတိုင်းထက် အားရကျေနပ်နေမိသည်။ မည်သူကမှ မြှောက်ပင့်နေ၍ မဟုတ်ပါ။ ပြီးတော့ ကိုယ့်ဘာသာတွေးလျက် ကိုယ့်ဘာသာ ပြုံးမိပြန်သည်။ နဖူးမှဆံစကို တစ်ချက်ရမ်းကာ အနောက်ဘက်ဆီက ဝင်လုလု နေမင်းကြီးကို ကြည့်လိုက်မိတော့ 'နေရောင်သည် လာတုန်းကထက် ပို၍ ရဲလာသော်လည်း အပူရှိန်ကား ဖြေလျော့လျက် လျော့ရာမှ ရင့်လျက် မည်သူကမျှ ကျေးဇူးတင်ကြောင်းမပြောချင်နေပါစေ တစ်ညတာ သူအနားယူတော့မည်တကား‥‥'။



## မိုင်းယောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

**မိုင်းယောင်း နိုဝင်ဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ယမန်နေ့က ဝမ်ဘိုးကျေးရွာအုပ်စု၊ ဝမ်ပုံကျေးရွာ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရွှေဘုန်းပွင့်လျောင်းတော်မူဘုရား တည်ထားကိုးကွယ်ခြင်း မင်္ဂလာအခမ်းအနားနှင့် ဌာပနာထည့်ခြင်း၊ ရင်ငွေ့တော်ထည့်သွင်းခြင်း မင်္ဂလာအခမ်းအနားကို ဝမ်ပုံကျောင်းဆရာတော်၊ မိုင်းဟန်ကျောင်းဆရာတော်၊ ဝမ်ကျိုင်းကျောင်းဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုင်းဘွန်းစီ၊ ဝမ်ဘိုးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်းသောင်းငွေ၊ မြို့မိ၊ မြို့ဖများ၊ အလှူရှင်များ၊ ပြည်သူများ စုစုပေါင်းအင်အား ၁၅၀ ဦးဖြင့် ရေစက်ချလှူဒါန်းခဲ့သည်။

ထို့နောက် ရွှေဘုန်းပွင့်လျောင်းတော်မူဘုရားအား ဆီမီးထွန်းညှိပူဇော်၍ ဆရာတော်၊ သံဃာတော်များအား ရှူဖွယ်ဝတ္ထုပစ္စည်းနှင့် အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး ဝမ်ပုံစေတီတော်တွင် တင်လှူပူဇော်မည့် ရွှေထီးတော်အား ဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) နန်းပန်**

## ရာသက်ပန်ဆွမ်းပဒေသာပင် အလှူငွေပေးအပ်

**မန္တလေး နိုဝင်ဘာ ၁၀**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်းကို ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝ(ဓမ္မာစရိယ B.A)ထံမှ ရေစက်ချ အနုမောဒနာတရားနာယူကြပြီး နှစ်ဖက်မိဘများနှင့် ဦးနေဝင်းအား ရည်စူး၍ ဒေါ်မာလာရီ မိသားစု (ဝင်းဝင်း စက်ပစ္စည်းရောင်းဝယ်ရေး)မိသားစု မန္တလေးမြို့ ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ငါးသိန်း၊ ဖြည့်စွက်လှူဒါန်း ငွေကျပ် နှစ်သိန်း၊ စုစုပေါင်း ငွေကျပ် ခုနစ်သိန်းကို လှူဒါန်းရာ ဥပဋ္ဌာ မှူကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူသည်။

အဆိုပါ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ယာပုံ) (၀၃၆)**



## ပီတိပညာရေးပရဟိတမှ အငြိမ်းစားယူထားသည့် ပညာရေး(ငြိမ်း)ဆရာမကြီးနှစ်ဦးအား ထောက်ပံ့ငွေပေးအပ်

**သရက် နိုဝင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့တွင် အငြိမ်းစားယူထားသည့် ပညာရေး(ငြိမ်း)ဆရာမကြီးနှစ်ဦးအား ငွေကျပ် ၁၅ သိန်းစီ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ခရိုင်စာကြည့်တိုက် Com-mnuit Centre ခန်းမ၌ ဆောင်ရွက်သည်။

အဆိုပါ အခမ်းအနားတွင် နာယကဆရာကြီး ဦးတင်ထွဋ်နှင့် ဦးအောင်ကျော်စိုးတို့က ခုလိုသက်ပြည့်အငြိမ်းစားယူပြီး ဆရာကြီး၊ ဆရာမများ လစဉ်အလှူငွေပေးအပ်ရာမှာ စေတနာအလှူငွေကောက်ခံသည့်စနစ်ဖြင့် ဆောင်ရွက်၍ ထောက်ပံ့ငွေပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားပေးခဲ့ပြီး ပီတိပညာရေး ပရဟိတအဖွဲ့ဝင် ဦးမြင့်သိန်းက စေတနာအလှူငွေကောက်ခံဆောင်ရွက်ရသည့် အခြေအနေများကို ရှင်းလင်းပေးခဲ့သည်။

ထို့နောက် အငြိမ်းစားပင်စင်ယူထားသည့် ဒေါ်မြလေးစိန်(စာရေးကြီး) မြို့နယ်ပညာရေးရုံးနှင့် ဒေါ်အေးဝင်း(လုပ်သား)(အ·မ·က)ပေါက်ပင်တို့အား ပီတိပညာရေးပရဟိတမှ ထောက်ပံ့ငွေကျပ် ၁၅ သိန်းစီအား ပီတိပညာရေးအဖွဲ့ဝင် ဆရာကြီး ဦးလှထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်ရာ ထောက်ပံ့ခံဆရာမကြီးများတို့က လက်ခံပေးခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားပေးခဲ့သည်။

ထို့နောက် အငြိမ်းစားသက်ကြီးဆရာကြီး၊ ဆရာမကြီးများအား ကျန်းမာရေးစောင့်ရှောက်ရန်အတွက် အလှူငွေ နှစ်သောင်းစီ လှူဒါန်းပေးခဲ့ရာ ပီတိပညာရေးအဖွဲ့ဝင် ဆရာမကြီး ဒေါ်တင်ယုက လက်ခံပေးခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

**ဗလငါးတန်ဖွံ့ဖြိုးဖို့**

**စာအုပ်စာပေ လေ့လာစို့။**




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## (၂၇)နှစ်ပြည့် မန္တလေးနေ့စဉ်မွေးနေ့

* နှင်းမှုန်ပုလဲ တဖွဲဖွဲလျှင်
ဖြန့်ကြဲဝေဆာ နိုဝင်ဘာ၏
ရက်မှာသုံးဆယ် စုံပြည့်ကြွယ်တွင်
မန်းနယ် မြို့ခွင် ဖွားသန့်စင်သည်
နေ့စဉ် မန္တလာ သတင်းစာ ။

* နှစ်ဆယ်ပြည့်မြောက် ခုနစ်ရောက်လည်း
တစ်လျှောက်သတင်း ဖြန့်ဝေခြင်းဖြင့်
မယွင်းတာဝန် သူကျေပွန်၏ ။

* ရလာသတင်း နေ့ချက်ချင်းပင်
လက်ငင်းလျှင်စွာ ပြုစုကာဖြင့်
မှန်စွာကျနစ သူတင်ပြ၏ ။

* စာဖတ်ပြည်သူ စိတ်ကြည်ဖြူအောင်
ဆွဲယူဖမ်းစား သတင်းများကို
ကြိုးစားဖြန့်ဝေ တာဝန်ကျေ၏ ။

* ကမ္ဘာ့အရေး နိုင်ငံရေးနှင့်
မြို့ရေးစုံစွာ စည်ပင်သာ၏
လုပ်ရာလုပ်ကွက် မန်းမြေတွက်ကို
ချက်လက်ဝေဖြာ တင်ပြလာ၏ ။

* မြို့နေလူထု ဆင်းရဲမှုနှင့်
လူမှုဘဝ ပြည့်စုံကြဖို့
ဖော်ပြစုံဖြာ အားပေးရှာ၏ ။

* တိုင်းနယ်ပြည်တွင်း ဖြန့်ဝေလျှင်းသည်
သတင်းခေါ်တွင် မန်းနေ့စဉ်သည်
မှန်ပင်မိတ်ကောင်း ဆိုထိုက်ကြောင်းမို့
ဆွေကောင်းလားသွင် မွေးနေ့ရှင်အား
ချစ်ခင်လေးစား တန်ဖိုးထားလျက် ။ ။

(မကြာမီကျရောက်မည့် သတင်းစာတိုက်မွေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက်)

ပန်းသစ္စာ(ပုသိမ်ကြီး)

## သတင်းပဒေသာ

### မြို့နယ်ကိုယ်စားပြု အကအဖွဲ့များအား ဂုဏ်ပြု

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်တွင် ၂၀၂၄ခုနှစ် (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှ ဗဟိုအဆင့်၊ ပြည်နယ်အဆင့်၌ ဆုချီးမြှင့်ခြင်းခံရသည့် မြို့နယ်ကိုယ်စားပြု အကအဖွဲ့များအား ဂုဏ်ပြုခြင်း အခမ်းအနားကို မြို့နယ်စင်ကောလီခန်းမ၌ နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### နှစ်ပတ်လည်နေ့အထိမ်းအမှတ် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်း

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၆)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၆ နာရီက တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းဝေးခန်းမတွင် ပြုလုပ်ရာ မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဘဒ္ဒန္တမာနိတ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တစာရိတ္တနှင့် ဆရာတော်ကြီးများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များက အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ကျေးရွာအုပ်စုများအား ဂုဏ်ပြုဆုချီးမြှင့်

လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံအမျိုးအစားအလိုက် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့သည့် ထူးချွန်တောင်သူများနှင့် သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ကျေးရွာအုပ်စုများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို အုတ်ဖိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### (၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက လယ်ဝေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ လယ်ဝေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းကိုက ဌာနနှစ်ပတ်လည်နေ့ ကျင်းပရသည့်ရည်ရွယ်ချက်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### စဉ်ဆက်ပညာရေးဖွင့်ပွဲများ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊မိုင်းဖြတ်မြို့နယ်တွင် ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားများအတွက် သင်ယူသူများ၏ အရေးစွမ်းရည်ပိုမိုတိုးတက်လာစေရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စဉ်ဆက်ပညာရေးအစီအစဉ်မှတစ်ဆင့် ဘဝတစ်သက်တာသင်ယူလေ့လာနေသူများဖြစ်ထွန်းလာရေးစသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စဉ်ဆက်ပညာရေးဖွင့်ပွဲများကို ယမန်နေ့ နံနက်ပိုင်းက နားလီး၊ ပါယောင်း၊ ပြည်ငြိမ်းအေးကျေးရွာတို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရွှေဟောင်းမြစည်းခုံစေတီတော် ဌာပနာပိတ်လှူပွဲ ကျင်းပမည်



**မန္တလေး နိုဝင်ဘာ ၁၀**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊အောင်ပင်လယ် စောမွန်လှသစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့် မြတဘက်နဂါးကိုးကောင် ဘုရား စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပရိဝုဏ်အတွင်းရှိ လွန်ခဲ့သော နှစ်ပေါင်း ၉၀၀ ကျော်က တည်ထားကိုးကွယ်ခဲ့သော ပုဂံခေတ်ဦးလက်ရာ ရွှေဟောင်းမြစည်းခုံစေတီတော်ကြီးကို လုံးတော်ပြည့်ရွှေမူလက်ရာမပျက် ပြန်လည်မွမ်းမံ၍ ဌာပနာပိတ်လှူပွဲကို ပဋ္ဌာန်းဆက်ဆွေတော်၊ မျိုးတော်များမှ နဂါးကိုးကောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒ၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မြစည်းခုံစေတီတော်ကြီး ဌာပနာပိတ်ပွဲကို နဂါးကိုးကောင်ဆရာတော်၏ ဦးဆောင်မှုဖြင့် ၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ နိုဝင်ဘာ ၁၅ ရက် သောကြာနေ့ နံနက် ၈ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ပဋ္ဌာန်းဆက်ဆွေတော်၊ မျိုးတော်များ၊ ကုသိုလ်ရှင်များ ကြွရောက်ကြပါရန် ဖိတ်ကြားလျက်ရှိသည်။

အဆိုပါမြစည်းခုံစေတီတော် ဌာပနာပိတ်လှူပွဲအတွက် လှူဒါန်းလိုသော ပဋ္ဌာန်းဆက်ဒါယကာ၊ ဒါယိကာမများအနေဖြင့် ဖုန်း ၀၉-၂၀၃၂၂၄၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ယာပုံ)

(ကဆ)

## တတိယအကြိမ်မြောက် မိသားစုမဟာဘုံကထိန် ကျင်းပ

**အမရပူရ နိုဝင်ဘာ ၁၀**



မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ သာလှအေးရွာတွင် ကထိန်ဒါယကာ ဦးလှမြင့်+ကထိန်ဒါယိကာမ ဒေါ်မြအေး၊ ကထိန်ဒါယကာ ဦးသန်းဦး+ကထိန်ဒါယိကာမ ဒေါ်နုနုရီ၊ (သား) ဦးကျော်စိုးဝင်း၊ (သမီး) ဒေါ်စန္ဒာဝင်း၊ (မြေး) မယွန်းမီမီကျော်၊ မထက်ရှင်းရှင်းကျော် မိသားစုတို့၏ တတိယအကြိမ်မြောက် မိသားစု မဟာဘုံကထိန်အား ယနေ့နံနက် ၇နာရီက စိတ္တသုခကျောင်းတိုက်တွင် ကျင်းပသည်။ (အပေါ်ပုံ)

ရွှေဦးစွာ ကြွရောက်တော်မူသည့် ဆရာတော်များနှင့် တက်ရောက်လာသည့် အလှူရှင်များက "နမောတဿ" သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ကာ ဖွင့်လှစ်ခဲ့ပြီး အလှူရှင်များက သာလှအေးရွာ၊ စိတ္တသုခကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဦးသြဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ကြွရောက်လာသည့် ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ဆက်လက်၍ ကထိန်အလှူရှင်များက ဆရာတော်၊ သံဃာတော်များထံ ကထိန်လျာသင်္ကန်းနှင့် အခြံအရံ လှူဖွယ်ဝတ္ထုအစုစုအား ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ဦးသြဘာသက အနုမောဒနာတရား ဟောကြားတော်မူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(ကဆ)



နန်းတော်ရှေ့ငယ်သူငယ်ချင်းများ၏ အဋ္ဌမအကြိမ်မြောက် စုပေါင်းဘုံကထိန်ကို ပုသိမ်ကြီးမြို့နယ်၊ အရှေ့ရှမ်းရိုးမ၊ သာခိုတောင်ရှိ နဂါးညီနောင်ကျောင်းတိုက်တွင် နိုဝင်ဘာ ၁၀ ရက်က ကျင်းပရာ နန်းတော်ရှေ့သူငယ်ချင်းများက ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (ဝင့ၥ)

## မဟာမြိုင်ဝန်ထမ်းအိမ်ရာ ဝန်ထမ်းမိသားစု ဘုံဆွမ်းလောင်းလှူ

**မန္တလေး နိုဝင်ဘာ ၁၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှစုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်၊လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များနှင့် မိခင်ကြီး ဒေါ်စန်းမြင့် ကွယ်လွန်ခြင်း (၈)နှစ်ပြည့်အား ရည်စူး၍ ဦးမျိုးအောင်+ဒေါ်ခိုင်ခိုင်စိုး မိသားစု (ပဲနပ်အလှူရှင်)တို့က လေးပြင်၊ လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့ နံနက်ပိုင်းက (၁၀၄)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငါးခြောက်အုန်းနို့နှပ်၊ ကုလားပဲနှပ်တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊သံဃာတော် ၂၅၀ကျော်တို့အား နံနက် ၅နာရီခွဲမှ စတင်လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်၊လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၃)



## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အောက်ဆီဂျင်အိုး လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၁၀**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူရှင် မန္တလေး၊ ၂၆ လမ်းနှင့် ၂၇လမ်းကြား၊၅၉လမ်း DKSH Co,Ltd မှ အောက်ဆီဂျင်အိုး ၄၀ လီတာအိုးကြီး ၁၅ အိုးနှင့် အောက်ဆီဂျင်ခေါင်း ၁၅ ခုတို့အား ယမန်နေ့က လှူဒါန်းရာ ရုံးအဖွဲ့မှူး ဦးသန့်ဇင်က လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်းနံပါတ် ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက်ရိုက်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။



(ဝဲပုံ)

(ကဆ)

# တာဝန်ထမ်းဆောင်ကြသည် ဆိုရာဝယ်

**နိုင်ဗလ**

**(၈-၁၁-၂၀၂၄)စာမျက်နှာ-၁၇မှ အဆက်**
ခြံထဲတွင် မြေဆွလိုက်၊ အပင်နုတ်လိုက်၊ အပင် ရေလောင်းလိုက်၊ နွားစာရိတ်လိုက်၊ ခြံအောက်ဖက် ကြခတ်ရုံအောက် စမ်းချောင်းဘေးတွင် စာထိုင်ရေးလိုက်ဖြင့် ဖခင်ဆေးရုံပြန်ပြရမည့် ရက်ကို စောင့်နေဖြစ်သည်။ ဦးလေး ဦးဘစိုးသည် ညနေစောင်းလျှင် ခြံထဲသို့လာ၍ စကားပြောလေ့ရှိသည်။ ထုံးစံအတိုင်း ငယ်စဉ်ကျောင်းတက်ကတည်းက စီးခဲ့သော သံချေးတက် ရာလေး စက်ဘီးအိုကြီးနှင့်ဖြစ်သည်။ ငါတူ ပျင်းနေရင် ဒို့လျှောက်သွားရအောင်ဟုခေါ်၍ စက်ဘီးတစ်စီးဖြင့် ဦးလေးနောက် လိုက်ခဲ့သည်။ တောင်ဝိုင်းဘက်သို့ စက်ဘီးတစ်စီးစီဖြင့် နင်း၍လာကြသည်။ မော်လမြိုင်တက္ကသိုလ်နှင့်နီးသော နေရာရှိ ခြံကြီးတစ်ခြံထဲသို့ ခေါ်သွားသည်။ ခြံသို့ရောက်သော် ခြံရှင်ဦးကြီး၊ ဒေါ်ကြီးများက ကြိုဆိုကြသည်။ ဆရာစိုးလာမယ်ဆို သားကို လာကြိုနိုင်းမှာပေါ့ဟုဆိုရာ ဦးလေးက ကျန်းမာရေးကောင်းအောင် စက်ဘီးနင်းရင်း မန္တလေးက လာတဲ့တူလေးကို လိုက်ပြပေးတာဟု ပြောသည်။ မွန်သံဝဲဝဲဖြင့် ချစ်ဖွယ်သော ပီယဝါစာစကားပြောတတ်သော မိသားစုအဖြစ် မှတ်ချက်ပြုမိသည်။

ခြံထဲမှ ဧည့်ဆောင်ကြီးတွင် ထိုင်ကြသည်။ ဧည့်ဆောင်မှာ ခနိဖက်များဖြင့် မိုးထားပြီး ပတ်လည်ကို ဝါးကပ်ကြဲဖြင့် ခါးစောင်းခန့်သာ ကာထားသော အဆောင်ဖြစ်သည်။ စားပွဲ၊ ကုလားထိုင်သုံးဝိုင်းစာမျှ ခင်းထားသည်။ ပင်မအိမ်ကြီးမှာလည်း ရေနံချေးဝနေသည့် ပျဉ်ထောင်နှစ်ထပ်အိမ်မြင့်ကြီးဖြစ်သည်။ အိမ်ရှင်ဦးကြီး၊ ဒေါ်ကြီးများက ဧည့်သည်လည်းပါတယ်။ အိမ်ထဲမှာ ဧည့်ခံပါရစေဟု ပြောသော်လည်း ဦးလေးက ခါတိုင်းကဲ့သို့ ဒီဧည့်ဆောင်တွင် ထိုင်မည်ဆို၍ ဧည့်ခံရန် စားသောက်ဖွယ်ရာများ စီစဉ်ကြသည်။ ရေပူ၊ ရေအေး၊ လက်ဖက်၊ မင်းဂွတ်သီး၊ မုန့်များအပြင် ကြီးမားသော ဒူးရင်းသီးကြီးတစ်လုံးကိုလည်း ထုတ်လာသည်။ ဒူးရင်းသီးကြီးကို ခွဲရာ အဆံ ၁၀ ဆံခန့်ရသည်။ ကြီးမားလှသော အဆံကြီးများဖြစ်သည်။ ပန်းကန်တစ်ချပ်လျှင်ပင် လေးဆံကိုခံ၍ အလယ်တွင် တစ်ဆံတင်လျှင် ပြည့်မောက်သွားသည်။ စားကြည့်ရာ အစေ့မှာ အတွင်း၌ သေးသေးလေးသာရှိပြီး အသားအလွှန်ထူပြီး အရသာထူးကဲလှသည်ကို တွေ့ရသည်။ တစ်ဆံစားပြီး ဆက်၍ မစားနိုင်တော့၊ ပြီးလျှင် မင်းကွတ်သီးဆက်၍ စားကြသည်။ ဒူးရင်းသီး စားပြီးလျှင် မင်းကွတ်သီးဖြင့် အဆိပ်ဖြေရသည်ဟု ပြောပြသည်။ ဦးလေးက ဒီလိုဒူးရင်းသီးမျိုး တွေ့ဖူးသလား၊ စားဖူးသလားဟု မေးသည်။ မတွေ့ဖူးကြောင်းပြောရာ ဒါနိုင်ငံတော်ပိုင် ဒူးရင်းပင်ဟု ပြောသည်။ နားမလည်၍မေးရာ နိုင်ငံတော်၏ ဧည့်သည်များနှင့်အကြီးအကဲများအတွက် အစိုးရ စရိတ်ထုတ်ပေးထားပြီး ထွက်ရှိသော အသီးများအား VIP အတွက်သာ အသုံးချရကြောင်း ရှင်းပြသည်။ ဦးလေးက ဗဟုသုတရအောင် လိုက်ပို့ပေးခြင်းဖြစ်သည်။ အပြန်တွင် လက်ဆောင်ထည့်ပေးလိုက်သေးသည်။ ထိုအသီးမျိုးကို ဒင်္ဂါးမြုပ်ဟုခေါ်ကြောင်း၊ ဒင်္ဂါးစေ့ကို ဒေါင်လိုက်ထိုးထည့်လျှင် အသားအတွင်း မြုပ်ဝင်သွားသည်အထိ အသားထူသောကြောင့် ဒင်္ဂါးမြုပ်ဟုခေါ်ကြောင်း ဗဟုသုတရခဲ့သည်။

ဦးလေးက မော်လမြိုင်တက္ကသိုလ်တွင် လာတက်ရန် ဆရာများနှင့်ပါ မိတ်ဆက်ပေးမည်ဖြစ်ကြောင်းပြောသော်လည်း ကျွန်တော်၏ ရည်ရွယ်ချက်နှင့် ဆုံးဖြတ်ချက်ကို မပြင်ဘဲ မန္တလေးတက္ကသိုလ်မှသာ ဘွဲ့ယူမည်ဖြစ်ကြောင်း ပြောခဲ့သည်။ မန္တလေးတက္ကသိုလ်တက်စဉ်က ဖြစ်ခဲ့ဖူးသော ပဋိပက္ခတစ်ခုကြောင့် ထိုဆုံးဖြတ်ချက်ကို ချခဲ့ခြင်းဖြစ်သည်။ ဒုတိယရည်ရွယ်ချက်မှာ မိမိကိုယ်တိုင် မိမိလုပ်အားဖြင့် ကျောင်းတက်ဘွဲ့ယူရန်ဖြစ်သည်။ ရည်ရွယ်ချက်ပေါက်မြောက်သည်အထိ သွားနိုင်ခဲ့သော်လည်း လမ်းခုလတ်တွင် လဲပြိုကျလုလု မကြာခဏဖြစ်ခဲ့သည်။ အားတင်းကာ ရုန်းကန်ခဲ့ရသည်။ ထိုစဉ်ကာလက အလုပ်အကိုင်ရှားပါးလှသည်။ ဘွဲ့ရလျှင်ပင် အလုပ်က မသေချာသောကြောင့် အလုပ်လုပ်ရင်း ကျောင်းတက်သော ကျွန်တော့်အတွက် ပင်ပန်းသည်။ ဆင်းရဲသည်။ ဒုက္ခစုံကြုံရသည်။ ဝင်ငွေနှင့် ထွက်ငွေမမျှသဖြင့် တစ်နေ့ထမင်းတစ်နပ်စားပြီး ကျောင်းတက်ရသည့်နေ့တို့ ကြုံဖူးသည်။ အမရပူရမှမန္တလေး လမ်းလျှောက်၍ ကျောင်းသွား၊ ကျောင်းပြန်ရသော နေ့ရက်များ မရေတွက်နိုင်၊ နီးစပ်သည့် နန်းမြို့တွင်းမှာနေစဉ်လည်း နံနက်ကတည်းက ခြေကျင်ကျောင်းသို့ သွားသည်။ ကျောင်းတွင် ထမင်းဆီဆမ်းမျှသာ စားသည်။ ညနေပိုင်းတွင် G.T.I သင်တန်းသို့ တက္ကသိုလ်မှသွား၍ တက်သည်။ ည ၉ နာရီ ၁၀ နာရီမှ နန်းတွင်းသို့ လမ်းလျှောက်ပြန်သည်။ တစ်ခါတရံ သိပ်ဆာလောင်လာလျှင် ရဲသိပ္ပံထောင့်နားမှ ကောက်ညှင်းပေါင်းလေးဝယ် လမ်းလျှောက်စားရင်း နန်းမြို့တွင်းသို့ ပြန်သည်။ ထိုကဲ့သို့ ရက်များကလည်း မရေတွက်နိုင်။ ပိုဆိုးသည်က ငှက်ဖျားရောဂါစွဲကပ်လာခြင်းဖြစ်သည်။ ထိုစဉ်က ငှက်ဖျားကို အမြစ်ပြတ်ကုသရန် ခက်ခဲသည်။ ငှက်ဖျားကြောင့် ဆေးဖိုးဝါးခပိုမိုကုန်ကျသည့်အပြင် နှစ်ရှည်ခံစားရသော ရောဂါဖြစ်၍ တဖြည်းဖြည်းခံနိုင်ရည်အား လျော့ကျလာစေသည်။ အရင်လို မအိပ်မနေ အလုပ်မလုပ်နိုင်တော့။ ထမင်းတစ်နပ်နှင့်လည်း အာဟာရမဖြစ်တော့။ တောင်မြို့နှင့် မြောက်မြို့(မန္တလေး)ကိုလည်း လမ်းလျှောက်သွားသည့်အခါ ပင်ပန်းမောဟိုက်မှုများကို ခံစားလာရသည်။ မိမိအား သား၊ သမီး၊ မောင်နှမအရင်းအချာပမာ သဘောထားသော ၃၅ လမ်းမှ မဖြူဖြူဦးတို့ မိသားစုနှင့် ၃၅လမ်းမှ မိတ်ဆွေများကြောင့် အားတက်ခဲ့ရသည်။ ကြားကာလအချို့တွင် အလုပ်မှနားပြီး မဟာဂန္ဓာရုံကျောင်းတိုက် တရားပြဆရာထံမှ နည်းယူပြီး အမရပူရဘုရားအချို့တွင် တရားမှတ်ရင်း ငှက်ဖျားကြောင့် ပျောက်ဆုံးခဲ့သော မှတ်ဉာဏ်များကို ပြန်လည်၍ ခက်ခဲစွာ ရယူခဲ့ရသည်။ ယခုလည်း နောက်ဆုံးနှစ်ကို လွတ်လပ်ပေါ့ပါးစွာ ဖြေဆိုပြီး တက္ကသိုလ်ကိစ္စ တစ်စခန်းရပ်မည် ရည်ရွယ်ချက်ဖြင့် အလုပ်မှ ထွက်ခဲ့သည်။ သို့သော် အလုပ်က ထွက်ခွင့်မပေး၊ နားခွင့်ပေးခဲ့သည်။ အဆင်ပြေသောအချိန်တွင် ပြန်လာ၍ လုပ်ကိုင်ရန် ခွင့်ပြုပေးခဲ့သည်။ မော်လမြိုင်တွင် ကျောင်းတက်ရန် ပြောသဖြင့် ကျွန်တော်စိတ်ရှုပ်၍ စကားမပြောခြင်းထင်၍ ဦးလေးကလည်း စကားဆက်မပြောဘဲ စက်ဘီးနှစ်စီးယှဉ်၍ နင်းလာသည်။ ကျွန်တော်က ကျောင်းကိစ္စပြောလိုက်၍ မန္တလေးအကြောင်း အတွေးရေယဉ်ကြောတွင် မျောပါမိသွားခြင်းဖြစ်သည်။

အိမ်မှလည်း မိမိအလုပ်ထွက်လာကြောင်း သိ၍ ဝမ်းသာနေကြသည်။ စာမေးပွဲဖြေပြီးလျှင် အပြီးပြန်လာတော့မည်ဟု ထင်နေကြ၍ ဖြစ်သည်။ အိမ်ပြန်ရောက်တော့ ဖခင်က နေမကောင်းဟု ဆိုသည်။ ချက်ချင်းစက်ဘီးပေါ်တင်၍ မုဒုံလမ်းပေါ်သို့ တက်ကာ ရွှေနတ်တောင်ဖက်သို့ နင်း၍ ဆေးရုံပြခဲ့သည်။ ဆေးရုံတင်ရမည်ဆို၍ ဆေးရုံတွင် ခေတ္တထားခဲ့ပြီး ခြံထဲသို့ ချက်ချင်းပြန်၍ အဝတ်အစားနှင့်လိုအပ်သည်များယူ၍ ချက်ချင်းဆေးရုံသို့ ပြန်သွားသည်။ ဆေးရုံတွင် ညအိပ်စောင့်ရသည်။ နံနက်ပိုင်းတွင် ဆီးပိုက်တပ်လိုက်သဖြင့် ဖခင် ဆီးသွားရအဆင်ပြေသွားသည်။ နေသာထိုင်သာ ရှိလာသည်။ လိုင်းဆစ်ကားများမှ လူကြုံဖြင့် ရွှေနတ်တောင်မှ သူငယ်ချင်းအချို့ကို အကြောင်းကြားသည်။ ညနေပိုင်းတွင် သူငယ်ချင်းများ ရောက်လာ၍ လိုအပ်သည်များ အကူအညီပေး သတင်းမေးကြသည်။ ဦးဘစိုးနှင့် ဒေါ်လေး၊ တူ၊ တူမများ၊ ညီအစ်ကို ဝမ်းကွဲများလည်း လာသည်။ ဈေးကြိုဆန်တန်း၊ ခြံကြီးစုမှ အကွက်ဥက္ကဋ္ဌနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ကလည်း လာသည်။ ရွှေနတ်တောင်ဆေးရုံမှ အခြေအနေကောင်းလျှင် ရန်ကုန်အမှတ်(၂)ဆေးရုံသို့ ပြန်လည်ပြသရန် သွားရောက်ရမည်ဖြစ်သည်။ ဆေးရုံတွင် ရက်အနည်းငယ်နေခဲ့ရသည်။ ဆေးရုံတွင် နေစဉ်ကလည်း အအားမနေလိုသဖြင့် နီးစပ်ရာသူနာပြုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးသဖြင့် ဖခင်အား ပို၍ ဂရုစိုက်ပေးကြသည့်အပြင် ဖခင်အား ဆေးရုံတွင် ကြာကြာ အနားယူရန်ပင် ပြောကြသည်။ ဆရာကြီး ဒီမှာရှိလျှင် ဆရာကြီးသားကလည်း ဆေးရုံအတွက် အဖော်ရ၊ အားကိုးရလို့ပါဟု ပြောကြသည်။ သို့သော် မည်မျှကောင်းသည့် ဆေးရုံဖြစ်စေ လူနာဘဝဖြင့် ကြာကြာမနေသင့်သည်သာဖြစ်၏။ အချိန်တန်လျှင် ဆေးရုံမှ ဆင်းရသည်သာဖြစ်သည်။ မိမိသည်လည်း ၁၉၇၈ ခုနှစ်က တက်ရောက်ခဲ့သော ကြက်ခြေနီသင်တန်း၊ ၁၉၈၃-၈၄ခုနှစ်တွင် တက်ရောက်ခဲ့သော ကျန်းမာရေးသင်တန်း (တက္ကသိုလ်ဆင့်)တို့အား တက်ရောက်ခဲ့ရုံမက ဆေးဘက်ပညာစာအုပ်များကိုပါ လေ့လာခဲ့သောကြောင့် မိမိသိသမျှဖြင့် ရောက်ရာအရပ်တွင် အများအကျိုး၊ ပတ်ဝန်းကျင်အကျိုးကို စိတ်ရင်းအတိုင်း ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## မြန်မာ - ဗီယက်နမ် ကုန်စည်ပြပွဲ ၃ ရက်ကြာ ကျင်းပမည်

မြန်မာနိုင်ငံတွင် စီးပွားရေး မိတ်ဖက်များ တိုးချဲ့ဆောင်ရွက်ရန် ရည်ရွယ်၍ မြန်မာ-ဗီယက်နမ် ကုန်စည်ပြပွဲကို ၃ ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ သိရသည်။ **(အောက်ပုံ)**

အဆိုပါ ပြပွဲကို၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်ပြီး ပြပွဲသို့ Vinatoken Renewable JSC Co.,Ltd ၏ CEO ဖြစ်သူ Mr. Lai Nguyen တက်ရောက်မည်ဖြစ်သည်။

အဆိုပါ ကုန်စည်ပြပွဲသို့ လာရောက်စဉ်အတွင်း ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၊ စိမ်းလန်းသော စွမ်းအင်ကဏ္ဍတို့တွင် မြန်မာနိုင်ငံနှင့် စီးပွားရေးမိတ်ဖက်များ တိုးချဲ့ဆောင်ရွက်လိုပြီး မြန်မာနိုင်ငံ၏ လက်ရှိဈေးကွက်အခြေအနေနှင့် ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍရှိ စည်းမျဉ်းများအား သိရှိလေ့လာနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ကဏ္ဍများနှင့် ပတ်သက်သည့် အလားအလာရှိသော အဖွဲ့အစည်း၊ ကုမ္ပဏီများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည် ဖြစ်သည်။

မြန်မာ-ဗီယက်နမ် ကုန်စည်ပြပွဲ ၂၀၂၄ ပြပွဲကျင်းပနေစဉ်ကာလအတွင်း စီးပွားရေးမိတ်ဖက်များ တိုးချဲ့ဆောင်ရွက်လိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ E-mail: event.td.myantrade@gmail.com သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**



| အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၅)အနိုင်၊ အရှုံး | | | | NGB |
|---|---|---|---|---|
| ရှက်ဖီးလ်Utd | ၁ | - | ၀ | ရှက်ဖီးလ်Wed |
| ဟားလ်ဆီးတီး | ၁ | - | ၂ | ဝက်စ်ဘရွန်း |
| ဘန်လေ | ၁ | - | ၀ | ဆွမ်ဆီး |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၃)အနိုင်၊ အရှုံး | | | | NGB |
|---|---|---|---|---|
| ဘက်တစ် | ၂ | - | ၂ | ဆဲလ်တာဗီဂို |
| ဟယေတာ | ၀ | - | ၁ | အက်သလက်တီကို |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၀)အနိုင်၊ အရှုံး | | | | NGB |
|---|---|---|---|---|
| အော့စ်ဘတ် | ၀ | - | ၀ | ဟောဖန်ဟိမ်း |
| ဖေရာတ် | ၂ | - | ၃ | ဖရန့်ဖတ် |

| အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၁)အနိုင်၊ အရှုံး | | | | NGB |
|---|---|---|---|---|
| မန်ယူ | ၃ | - | ၀ | လက်စတာ |
| ချဲလ်ဆီး | ၁ | - | ၁ | အာဆင်နယ် |
| နော့တင်ဟမ် | ၁ | - | ၃ | နယူးကာဆယ် |
| စပါး | ၁ | - | ၂ | အစ်ဆွစ်ချ် |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၁)အနိုင်၊ အရှုံး | | | | NGB |
|---|---|---|---|---|
| နိစ် | ၂ | - | ၂ | လိုင်လီ |
| မောင့်ပယ်လီယာ | ၃ | - | ၁ | ဘရက် |
| လီဟာဗာ | ၀ | - | ၃ | ရမ်းစ် |
| ရင်းနက်စ် | ၀ | - | ၂ | တူးလော့ |

| အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂)အနိုင်၊ အရှုံး | | | | NGB |
|---|---|---|---|---|
| အတ္တလန်တာ | ၂ | - | ၁ | အူဒီးနီးစ် |
| ဗီအိုရင်တီးနား | ၃ | - | ၁ | ဗီရိုနာ |
| ရိုးမား | ၂ | - | ၃ | ဘိုလော့ညာ |

## မိုးသည်းထန်ခြင်းနှင့် လူသေဆုံးမှုမြင့်တက်ခြင်းအကြား ထူးခြားစွာဆက်နွှယ်လျက်ရှိသည်ဟု လေ့လာတွေ့ရှိ

မိုးသည်းထန်ခြင်းနှင့် လူသေဆုံးမှုမြင့်တက်ခြင်းအကြား ထူးခြားစွာဆက်နွှယ်လျက်ရှိသည်ဟု တရုတ်ပညာရှင်များ မကြာသေးမီက လေ့လာတွေ့ရှိခဲ့ကြောင်း ဘီအမ်ဂျေဆေးသိပ္ပံဂျာနယ်တွင် ဖော်ပြသည်။

ကမ္ဘာ့တိုက်ကြီး ၆ တိုက်ရှိ နိုင်ငံပေါင်း ၃၄ နိုင်ငံမှ အရပ်ဒေသပေါင်း ၆၄၅ နေရာတွင် မှီတင်းနေထိုင်သော ဒေသခံများ၏ ကျန်းမာရေးနှင့် မိုးသည်းထန်မှုတို့အကြား ဆက်နွှယ်မှုကို စူးစမ်းလေ့လာရာမှ ထိုသို့



တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

၁၉၈၀ ပြည့်နှစ်နှင့် ၂၀၂၀ ပြည့်နှစ်အကြား ကောက်ခံထားသော အချက်အလက်များကို နှိုင်းယှဉ်လေ့လာခဲ့ရာ မိုးသည်းထန်သောအခါ နှလုံးရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကြောင့် သေဆုံးသော ပမာဏများပြားခဲ့သည်ဟု ဆိုသည်။

မိုးရွာပြီးနောက် ရောဂါပိုးများ အားကောင်းလာရာမှ လူတို့ကို ပိုမိုသေစေနိုင်ခြင်းဖြစ်နိုင်သည်ဟု သုတေသီများသုံးသပ်ကြောင်း သိရသည်။ **SCI**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Song Il-Kook က တေးသရုပ်ဖော်ပြဇာတ်များတွင် ပါဝင်ထား

အနုပညာရှင် ဆောင်အီဂွတ်သည် အမြွှာသားသုံးဦး၏ ဖခင်အဖြစ် Return of Superman တွင် ပါဝင်ခဲ့ကာ အနုပညာလုပ်ငန်းများ ရပ်နားထားပြီး သရုပ်ဖော်ပြဇာတ်များတွင်သာ ပါဝင်ခဲ့သည်ဟု ကိုရီးယား ဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆောင်အီဂွတ်၏ ဇနီးမှာ တရားသူကြီးတစ်ဦးဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် လက်ထပ်ခဲ့ကာ ၂၀၁၂ ခုနှစ်တွင် အမြွှာသားသုံးဦးမွေးဖွားခဲ့ပြီး ဆောင်အီဂွတ်မှာ ဇနီးသည်အလုပ်ကြောင့်ရော၊ သားသုံးဦးထိန်းကျောင်းနေရ၍ရော မီဒီယာများကို ရှောင်ခဲ့သည်။

ဇနီးသည်၏ အလုပ်တာဝန်နှင့် သားသုံးဦးကို ပြုစုပျိုးထောင်ရင်း Return of Superman နှင့် ပရိသတ်အိမ်ထောင်ကွဲနေသည့် ကောလာဟလသတင်းကို ရှင်းလင်း၍ မပြီးနိုင်ဖြစ်ခဲ့ရသည်။

အမြွှာသုံးဦးအရွယ်ရောက်၍ ကျောင်းတက်နေစဉ် ဆောင်အီဂွတ်သည် သရုပ်ဖော်ပြဇာတ်များတွင် ပါဝင်ခဲ့သည်။

(SKY)

*-*-*-*-*-*-*



## Shraddha Kapoor အိန္ဒိယရုပ်ရှင်သမိုင်းတွင် မှတ်တိုင်စိုက်ခဲ့

ဘောလိဝုဒ်အနုပညာရှင် ရှာဒါးကပူးလ်၏ Street 2 မှာ တစ်ပတ်ရုံတင်ဝင်ငွေ ရူပီး ကုဋေ ၃၀၀ နှင့် အောင်ပွဲခံခဲ့ပြီး အိန္ဒိယရုပ်ရှင်သမိုင်းတွင် မင်းသမီးအထူးပြု ဇာတ်ကားနှင့် မှတ်တိုင်စိုက်နိုင်ခဲ့သူဖြစ်လာသည်ဟု ဘောလိဝုဒ်အတ်ဒီတ်တွင် ဖော်ပြသည်။

ဘောလိဝုဒ်တွင် မင်းသမီးအထူးပြု ရုပ်ရှင်များအနက် ပြည်တွင်းဝင်ငွေ ကုဋေ ၃၀၀ ကျော်၊ ကမ္ဘာတစ်ဝန်း ကုဋေ ၅၀၀ ကျော် ရရှိခဲ့ဖူးသည့် ဒီပီကာပါဒူဝမ်၏ Padmaavat ကို ကျော်လွန်၍ ရှာဒါးကပူးလ်၏ Street 2 က ကျော်တက်သွားခဲ့သည်။

ရှာဒါးကပူးလ်ကဲ့သို့ သမန်နား၏ Aaj Ki Raat သီချင်းမှာလည်း ပရိသတ်ကြား ရေပန်းစားခဲ့ကာ ယူကျူ့တွင် ကြည့်ရှုသူ သန်း ၁၀၀ ကျော် ရှိပြီး အင်စတာဂရမ်နှင့် ဖေ့ဘုတ်တွင် ပြန်လည်ကသူ သန်းချီရှိခဲ့၍ ရှာဒါးကပူးလ်နှင့် ဒါရိုက်တာက သမန်နားကို ဖိတ်ခေါ်၍ ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားခဲ့သည်။

(SKY)

## Chompoo Arya ၏ သမီးလေး Abigail အက နာမည်ကျော်ကြားနေ

ထိုင်းအနုပညာရှင် မင်းသမီး ချူပိုအာရာယာ၏ သမီးလေး အဘီဂါအီလီသည် သီချင်းဆိုတော်၍ သူ၏ ဖင်လှုပ်အကမှာ ထိုင်းတွင် ရေပန်းစားကျော်ကြားနေသည်ဟု ထိုင်းအတ်ဒီတ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ချူပိုအာရာယာ၏သမီးလေး အဘီဂါအီလီမှာ ကြီးထွားမှုမြန်ပြီး မှတ်ဉာဏ်မြင့်မားကာ ဖခင် သန်းကြွယ်သူဌေးမွေးနေ့ကုသိုလ်ပွဲတွင် ပွဲ၏ ဘုရင်မလေးဖြစ်ခဲ့သည်အထိ ထူးချွန်ထက်မြက်သူလေး ဖြစ်သည်။

ထိုင်းနိုင်ငံတွင် အနုပညာရှင်များက 3 Zaap Show ရောက်လျှင် Abigail ၏ အကကို ကကြသည်အထိ ရေပန်းစားခဲ့ပြီး ချစ်စဖွယ် အဘီဂါအီလီလေးကို အမေတူသမီးလေးအဖြစ် ချစ်ခင်နေကြသည်။

မိခင် ချူပိုအာရာယာကဲ့သို့ အပြောအဆို အမူအရာနှင့် နှုတ်ဆက်တတ်၍ အချစ်ပိုနေကြသည်။

(SKY)




## Secret Level အမည်ရှိ Anthology ဇာတ်လမ်းတွဲတွင် ကမ္ဘာကျော်ဂိမ်းများ ကြည့်ရှုရမည်

ကမ္ဘာကျော်ဂိမ်းများကို Anthology ဇာတ်လမ်းတွဲတွင် ကြည့်ရှုရမည်ဖြစ်ကြောင်း Prime Video မှ ပရောဂျက်တစ်ခုကို ပထမဆုံး နမူနာထုတ်သည့်နေ့တွင်ပင် ပြသမည့်ရက်ကိုပါ တရားဝင်ထုတ်ပြန်ကြေညာသွားခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Prime ဗီဒီယိုက Secret Level အမည်ရှိ Anthology ဇာတ်လမ်းတွဲတစ်ခုကို မတူညီသည့်ဂိမ်း Franchise ပေါင်းများစွာမှ ဇာတ်လမ်းတိုများစွာယူ၍ ပြုလုပ်ဖန်တီးထားပြီး အပိုင်း (၁၅)ပိုင်းထိ ပါဝင်ကာ ဒီဇင်ဘာ ၁၀ ရက်တွင် ထုတ်လွှင့်မည်ဖြစ်သည်။

ယင်း Secret Level ဇာတ်လမ်းတွဲတွင် ကမ္ဘာကျော်ဂိမ်းများစွာနှင့်အတူ ကီနူရိဒ်ကို Armored Core တွင် ပါဝင်ထားသည်ကို တွေ့ရပြီး ဂိမ်းဇာတ်ကောင်အသုံးပြုမှု အထူးခြားဆုံး ဇာတ်လမ်းဖြစ်သည်။

(SKY)







## V @ Kim Taehyung ၏ ပြီးပြည့်စုံသည့် Sitgma သီချင်း ရှစ်နှစ်ကြာသည်ထိ ကျော်ကြားနေ

ဘီတီအက်စ်မှ ဗွီ(ခေါ်)ကင်တေယောင်း၏ ပြီးပြည့်စုံသည့် အနိမ့်သံ၊ အမြင့်သံ ပိုင်နိုင်မှုနှင့် ကိုယ်တိုင်ရေးသားသီဆိုထားသည့် Sitgma သီချင်းမှာ ရှစ်နှစ်ကြာသည်ထိ ကျော်ကြားနေပြီး ဂျပ်ဖ်၏ R & B သီချင်း Love Me Again မှာလည်း အောင်မြင်မှုများ ထပ်မံရရှိထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဗွီ(ခေါ်)ကင်ထယ်ယောင်း၏ အမြင့်သံပါဝါနှင့် Sitgma သီချင်းမှာ Masterpice များထဲမှ တစ်ခုအပါအဝင်ဖြစ်ကာ အကြိမ်ကြိမ်နားထောင်တိုင်း ရိုးမသွားဘဲ ရှစ်နှစ်ကြာသည့်တိုင် ကျော်ကြားနေဆဲ ဖြစ်သည်။

ဂျပ်ဖ်နှင့် R & B စတိုင်လ် Love Me Again မှာ Spotify တွင် သန်း ၈၀၀ ပြည့်သည့် ပထမဆုံးတစ်ခုထဲသော ကိုရီးယား အနုပညာရှင်ဖြစ်ခဲ့ပြီး တစ်နှစ်ပတ်လုံး ထိပ်ဆုံးနေရာရရှိခဲ့သည့်အပြင် Billboard ၏ R & B Power Player အဖြစ်လည်း ဖော်ပြခံခဲ့ရသည်။

လက်ရှိ ကမ္ဘာကျော် ဘောလုံးသမား ခရစ္စနယ်ရော်နယ်ဒို၏ အင်စတာဂရမ်စံချိန်ကို ကျော်တက်ခဲ့ပြီး ထိပ်ဆုံးနေရာရောက်ခဲ့သော်လည်း သင်တန်းတက်ရောက်နေဆဲ ဖြစ်သည်။

(SKY)

*-*-*-*-*-*-*

## မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားနှင့် စာကြည့်တိုက် အဆောက်အအုံအသစ်ဖွင့်ပွဲ အခမ်းအနားတက်ရောက်



**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၁၀**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး၊အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ဆင်ပေါင်ဝဲ)၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးအား မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းသိန်း၊ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပါဝင်ကူညီခဲ့သည့် ပန်းပွားအဖွဲ့နှင့် ဒိုးပတ်အဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား ရေသန့်ဘူးနှင့် စားသောက်ဖွယ်ရာများဝေငှပေးခဲ့ပြီးကျောင်းအတွင်းရှိ ခင်းကျင်းပြသထားသည့်ဂိမ်းကစားပြိုင်ပွဲများ၊ကျောင်းစာကြည့်တိုက်၊ စာအုပ်အရောင်းဆိုင်များ၊ လှပသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်းနှင့် ဌာနဆိုင်ရာပြခန်းများအား လှည့်လည် ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက "အမျိုးသားစာပေယဉ်ကျေးမှုအမွေ" သီချင်းဖြင့် ဖျော်ဖြေခဲ့ကာ ကျပန်းစကားပြောပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲတွင် ပထမဆုရရှိသူများက ပြန်လည်သရုပ်ပြသခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့" သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာပေဟောပြောပွဲတွင် ပါဝင်ကူညီခဲ့သည့် စာရေးဆရာ ဦးစက်အောင်အား အမှတ်တရလက်ဆောင်ပေးအပ်ကာ ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ၊ စာအုပ်၊ စာစောင်များ လှူဒါန်း၍ သီဆိုဖျော်ဖြေခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီးပေးအပ်ခဲ့သည်။

ဆက်လက်၍ စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲတွင် ဆုရရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ ဒေသခံများက ပိုင်းဝန်းထိန်းသိမ်းပြီး ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။ ထို့နောက် စာကြည့်တိုက်နှင့် ပတ်သက်သည့် အချက်အလက်များအား ဆင်ပေါင်ဝဲမြို့နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချန်ဗီယာန်က လွှဲပြောင်းပေးအပ်ရာစာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးစိုးသိမ်းကလက်ခံရယူခဲ့ပြီး စာကြည့်တိုက်ဖွင့်လှစ်ပေးရခြင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ ဦးကြင်ဥ စာကြည့်တိုက် အဆောက်အအုံသစ်အား မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီက ခွဲဝေပေးသည့် ငွေကျပ်သိန်း ၁၅၀၊ ဒေသခံပြည်သူများက လှူဒါန်းငွေကျပ်သိန်း ၁၂၀ စုစုပေါင်း ငွေကျပ်သိန်း ၂၇၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် တိုင်းဒေသကြီးအတွင်း စာကြည့်တိုက် အဆောက်အအုံသစ် (၂၁)တိုက်အား တည်ဆောက်ပေးသွားမည်ဖြစ်ရာ ယခုစာကြည့်တိုက်အပါအဝင် စုစုပေါင်းစာကြည့်တိုက် ခုနစ်တိုက်ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ **ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



## (၂၃)ကြိမ်မြောက် မြန်မာတိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲအကြို ကွင်းဆင်းဆေးကုသ

**မိုင်းယောင်း နိုဝင်ဘာ ၁၀**

(၂၃)ကြိမ်မြောက် မြန်မာတိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ အကြိုအဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် တိုင်းရင်းဆေးကုဌာနသည် နိုဝင်ဘာ ၉ ရက်က ဝမ်ဘိုးအုပ်စု၊ ဖကျောက်ကျေးရွာ၌ ဒေသခံပြည်သူများအား ကွင်းဆင်းဆေးကုသပေးခဲ့သည်။

ရှေးဦးစွာ တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်သီတာအောင်က ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန (၂၃)ကြိမ်မြောက် မြန်မာတိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲအကြို ကွင်းဆင်းဆေးကုသခြင်းနှင့် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို ရှင်းလင်းပြောကြားပြီး ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်အေးသစ္စာက ကျန်းမာရေးနှင့် တိုင်းရင်းဆေးအကြောင်း သိကောင်းစရာကို ဟောပြောခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန်းပန်၊ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ဝေဝေခိုင်နှင့် အငယ်တန်းစာရေး ဒေါ်နန်းမြတ်ဆုမွန်ဦးတို့က စာကြည့်တိုက်နှင့် စာအုပ်စာပေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊ MSME နှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့ကြသည်။

ထို့နောက် မြို့နယ်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများက ဒေသခံပြည်သူများအား တိုင်းရင်းဆေးဖြင့် ဆေးကုသပေးပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများက အသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲများကို ခင်းကျင်းပြသခဲ့ကြောင်းသိရသည်။ **(အပေါ်ပုံ) ဝေဝေခိုင်(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "ငါးမင်းဆွေ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဖက္ကလိပ် ကျေးရွာနေ ငါးမင်းဆွေ(ခ) ဦးမင်းဆွေအား နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် လှိုင်မြို့မရဲစခန်း၌ လည်းကောင်း တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## (၃၆)ကြိမ်မြောက် မန္တလေးတိုင်းဒေသကြီးမီးသတ်တပ်ဖွဲ့ စုပေါင်းဘုံကထိန်ပဒေသာပင်များ ပို့ဆောင်

**မန္တလေး နိုဝင်ဘာ ၁၀**

(၃၆)ကြိမ်မြောက် မန္တလေးတိုင်း မီးသတ်တပ်ဖွဲ့မိသားစု စုပေါင်းမဟာဘုံကထိန်တော်ကို အမရပူရမြို့နယ်၊ ကျန်တန်းရပ်ကွက်၊ ပွဲတော်ကျောင်းတိုက်တွင် ကျင်းပသွားမည်ဖြစ်ရာ နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၁ လမ်းနှင့် ၂၉လမ်းထောင့် မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်စခန်းတွင် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်မီးသတ်စခန်းများ၊ ရပ်ကွက်အရန်မီးသတ်စခန်းများ၊ စေတနာအလှူရှင်များက ပေးပို့လှူဒါန်းသော ပဒေသာပင်များ လက်ခံခြင်းအမရပူရမြို့နယ်၊ ကျန်တန်းရပ်ကွက်၊ ပွဲတော်ကျောင်းတိုက်သို့မော်တော်ယာဉ်များဖြင့် ပို့ဆောင်ခြင်းများ ဆောင်ရွက်ကြရာ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူးဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးဦးဌေးဝင်း၊ မန္တလေးခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများက ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့်အဖွဲ့သည် အမရပူရမြို့နယ်ရှိ ကထိန်ခင်းကျင်းမည့် ပွဲတော်ကျောင်းတိုက်နေရာ၊ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ရေစက်ချလှူဒါန်း၍ နေ့ဆွမ်းဆက်ကပ်မည့်နေရာ၊ ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးမည့်နေရာများအား လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(ဝ၄၅)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်သူလူထုများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်စဉ်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ထိပ်သီးအစည်းအဝေးများ တက်ရောက်ခဲ့ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၁၀

တရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်ပြီးစီးခဲ့သည့် အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (8th Greater Mekong Subregion Summit) အပါအဝင် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်းကျန့်မြို့ ဘောင်အန်း အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(MAI) အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်သို့ ထွက်ခွာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Ms. Ma Jia၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ဇော်ဇော်နိုင်၊ ရှန်းကျန့်မြို့ ဒုတိယမြို့တော်ဝန် Mr. Dai Jin Tao၊ နန်နင်းမြို့မှ မြန်မာ ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဒေါ်ခိုင်ဆုလင်း နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စု ဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့်

**စာမျက်နှာ ၆ သို့ ❍**



## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
ကြေညာချက်
**နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ဘွဲ့ကြိုတန်းများနှင့် ဘွဲ့လွန်တန်းများကို ၁၄-၁၁-၂၀၂၄ ရက်မှစတင်၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံပြီး ၂၁-၁၁-၂၀၂၄ ရက်မှစတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## အစိုးရနည်းပညာကောလိပ်များ၏ B.Tech ဘွဲ့ သင်တန်းများအားလုံး ၂၁-၁၁-၂၀၂၄ ရက်တွင် ဖွင့်လှစ်မည်

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**
ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ အစိုးရနည်းပညာကောလိပ်များ၏ B.Tech ဘွဲ့သင်တန်းများ အားလုံးကို ၂၁-၁၁-၂၀၂၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို ၁၄-၁၁-၂၀၂၄ ရက်မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

**နည်းပညာ၊သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## AFC အားကစားဆေးပညာသင်တန်း AFC Football Medicine and Anti-Doping Course ကျင်းပပြီးစီး

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် ပြည်တွင်း၌ အားကစားဆေးပညာရပ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ AFC Football Medicine and Anti-Doping Course သင်တန်းကို အာရှဘောလုံးအဖွဲ့ချုပ်(AFC)နှင့် ပူးပေါင်း၍ နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ **စာမျက်နှာ ၆ သို့ ❍**

